# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၁၇)




## လူရည်ချွန်မောင်မယ်များ ယုဇနပုစွန်မွေးမြူရေး လုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်း လေ့လာ

ငွေဆောင် မေ ၉

လူရည်ချွန်စခန်း(ငွေဆောင်)မှ ၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့ နံနက်ပိုင်းတွင် ငွေဆောင်ဒေသရှိ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်းသို့ ဒေသန္တရ ဗဟုသုတလေ့လာရေး သွားရောက်ကြသည်။

ဦးစွာ ငွေဆောင်မြို့ရှိ IFD ပုစွန်မွေးမြူရေး လုပ်ငန်း၌ နည်းစနစ်တကျ မွေးမြူထားရှိမှုနှင့် လုပ်ငန်းသုံးပစ္စည်း ပြခန်းများကို စိတ်ဝင်စားစွာ လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ငွေဆောင်အပန်းဖြေ ဆင်စခန်းကို လေ့လာကြပြီး ဆင်လိမ္မာကြီးက လူရည်ချွန်မောင်မယ်များကို ပန်းခြင်းပေး၍ ကြိုဆိုခြင်း၊ ဘောလုံးကန်သရုပ်ပြသခြင်းကို ကြည့်ရှုအားပေး၍ ဆင်လိမ္မာလေးများကို အစာကျွေးခြင်း၊ ဆင်စီးခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် မြို့မလမ်းရှိ ငွေဆောင်မြို့ဈေးတန်းသို့ သွားရောက်၍ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရလက်ဆောင်ဝယ်ယူကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

---

**ယနေ့ ဗတ်စရာ**

**စိုက်ပျိုးရေးကဏ္ဍတွင် ရေအရင်းအမြစ်ကို အကျိုးရှိရှိ အသုံးချ**



ဆောင်းပါး စာ ၆

**ဆဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲ လာရောက်လေ့လာကြည့်ရှုသူ ပိုမိုများပြား**

ပြည်တွင်းသတင်း စာ ၉

**သီးနှံများတွင် ဓာတ်မြေသြဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း-၄)**

ဆောင်းပါး စာ ၁၀

**စွမ်းအင်ဖူလုံမှုနှင့် နိုင်ငံ့စက်မှုကဏ္ဍ မြှင့်တင်ရေး**

ဆောင်းပါး စာ ၁၂

**ဟန်တာပိုင်းရပ်စ်နှင့် ထိတွေ့ခဲ့သော ခရီးသည်များအား ခြေရာခံဖော်ထုတ်ရေး WHO အရှိန်မြှင့်ဆောင်ရွက်မည်**

နိုင်ငံတကာသတင်း စာ ၁၄

---

## လှိုင်ကော်မြို့၌ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ နည်းစနစ်မှန်စွာသုံးစွဲရေး တောင်သူပညာပေး ကွင်းသရုပ်ပြ

လှိုင်ကော် မေ ၉

ကယားပြည်နယ် လှိုင်ကော်မြို့၌ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဓာတ်မြေသြဇာလျှော့နည်းသုံးစွဲရေး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဒေါပေါ်ကလဲကျေးရွာအုပ်စု ကွင်းအမှတ် ၉၀ တောင်သူ ဦးထွန်းကြိုင်၏ နွေစပါးစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စပါးသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်တကျ ဆောင်ရွက်ရန်နှင့် ဓာတ်မြေသြဇာ လျှော့ချသုံးစွဲရန်အတွက် သုံးစွဲရေးနည်းလမ်းများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေသြဇာလျှော့ချသုံးစွဲရေး နည်းလမ်းတစ်ခုဖြစ်သည့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်နည်းကို တောင်သူများအား လက်တွေ့သင်ကြားပြသပြီး နွေစပါးစိုက်ခင်းတွင် စုပေါင်း ကြဲပက်ခဲ့ကြောင်း သိရသည်။

မေစု(ပြန်/ဆက်)



သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ နည်းစနစ်မှန်စွာသုံးစွဲရေး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ပြုလုပ်စဉ်။

---

**ယနေ့ မိုးလေဝသ (၁၀-၅-၂၀၂၆)**

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

---

**လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်**

နေပြည်တော် မေ ၉

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် မေ ၁၁ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး



**တောင်ကြီး မေ ၉**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားဘာသာသင် (TA/LT) ဆရာ ဆရာမများ ပိုမိုခန့်ထားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး ရှမ်း၊ ပအိုဝ်း၊ ခနု၊ တောင်ရိုး၊ အင်းသား၊ ကချင်၊ လီဆူ၊ ကိုးကန့်နှင့် ထနော့တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လယ်ဝေးမြို့နယ် အင်တိုင်းသာကျောင်းတိုက်ပရိဝုဏ်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် မေ ၉**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အင်တိုင်းသာကျောင်းတိုက်၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ လယ်ဝေးမြို့ အမှတ်(၅) ရပ်ကွက် အင်တိုင်းသာကျောင်းတိုက်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် ကျောင်းဝင်းအတွင်း၌ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် အင်တိုင်းသာကျောင်းတိုက် ပဓာန နာယကဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင် လူရည်ချွန်စခန်းမှ လူရည်ချွန်များ ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာလည်ပတ်

**ပြင်ဦးလွင် မေ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန်စခန်းသို့ ရောက်ရှိနေသော Grade-9 လူရည်ချွန်ကျောင်းသား ကျောင်းသူ ၉၆ဦးတို့အား မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းနှင့် ကြီးကြပ်သူဆရာ ဆရာမများ ဦးဆောင်ပြီး ယနေ့နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ်အနီး နောင်ချိုမြို့နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာလည်ပတ်ကြသည်။

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ပြင်ဦးလွင်ဘူတာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မိုးဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ပြည်တွင်းခရီးသွားများ၊ နိုင်ငံခြားသားခရီးသွားများအတွက် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝများကို စိတ်ဝင်စားဖွယ် ကြည့်ရှုခံစားနိုင်သော နေရာတစ်ခုဖြစ်သည့် အဆိုပါ ဂုတ်ထိပ်တံတားကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံ ရိုက်ကူးကြသည်။ ထို့နောက် ဂုတ်ထိပ်တံတား (ဂုတ်ထိပ်) ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**ပြင်ဦးလွင်ခရိုင်**
**(ပြန်/ဆက်)**



## လူရည်ချွန်စခန်း (ချောင်းသာ)မှ လူရည်ချွန်မောင်မယ်များ Sea & Lake အပန်းဖြေဥယျာဉ်သို့ သွားရောက်လေ့လာ



**ချောင်းသာ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး လူရည်ချွန်စခန်း(ချောင်းသာ) ၌ စခန်းချနေထိုင်လျက်ရှိသည့် ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်လူရည်ချွန်မောင်မယ်များသည် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုးညွန့် ဦးဆောင်ပြီး ယနေ့နံနက်ပိုင်းက ရွှေသောင်ယံမြို့ရှိ Sea & Lake အပန်းဖြေဥယျာဉ်သို့ ဒေသန္တရဗဟုသုတလေ့လာရေးခရီးစဉ် သွားရောက်ခဲ့ကြသည်။

**စိတ်ဝင်စားစွာလေ့လာ**

ဦးစွာ ရွှေသောင်ယံမြို့ရှိ Sea & Lake အပန်းဖြေဥယျာဉ်သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူတစ်ဦးက သွားရောက်လည်ပတ်မည့် နေရာများအား ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များ စိတ်ဝင်စားစွာ လေ့လာခဲ့ကြကာ သိရှိလိုသည်များအား မေးမြန်းခဲ့ကြသည်။ ယင်းနောက် ဒီရေတောတံတား၊ အပျော်စီးလှေဆိပ်၊ ကျောက်စိမ်းပြတိုက်၊ ပန်းပုပြတိုက်၊ ကလေးကစားကွင်း (Indoor)၊ ကလေးကစားကွင်း(Outdoor)၊ ကျောက်စိမ်းဥယျာဉ်၊ Sea&Lake Water park အစရှိသည့်နေရာများအား ကြည့်ရှုလေ့လာ၍ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းတို့ကို ပျော်ရွှင်စွာလုပ်ဆောင်ခဲ့ကြသည်။

ထို့နောက် ချောင်းသာမြို့ရှိ ရွှေသာယာမြို့မဈေးသို့ သွားရောက်ကာ ဒေသထွက်အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံး အဆောက်အအုံသစ် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတောင်ပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ရုပ်မြင်လွှင့်စက်များဖြင့် ရုပ်သံထပ်ဆင့် ထုတ်လွှင့်နေမှုနှင့် FM လိုင်းများ ထုတ်လွှင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများအသိပညာတိုးပွားရေးနှင့် စိတ်လက်အပန်းဖြေစေရေးအတွက် အစီအစဉ်ကောင်းများ ရိုက်ကူး ထုတ်လွှင့်သွားရန်နှင့် ပြည်သူကို အကောင်းဆုံးအရည်အသွေးဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မန္တလေးမြို့ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပနေမှု ကြည့်ရှုအားပေးစဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် မှန်ကန်တိကျသောသတင်းအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လက်တွေ့ကျသော အချက်အလက်များကို မီဒီယာမှတစ်ဆင့် သိရှိနိုင်အောင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ စာပေပိုမိုဖတ်ရှုလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ ကြိုးစားသွားကြရန် လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မန္တလေးဗျူရို သတင်း Studio ခန်း၌ သတင်းအစီအစဉ်များ ရိုက်ကူးတင်ဆက်ထုတ်လွှင့်မှု၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ပုံနှိပ်စက်ခန်း၌ နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိမှုနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်ရုံး Community Center တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်နှင့်ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၉**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေစိုကျေးရွာရှိ ငြိမ်းအေးဓမ္မဗိမာန်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၀ တို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား / နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက်ရှိ မဟာဓမ္မပါလကျောင်း၊ နန်းဦးကျောင်းတိုက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျောင်းတိုက်ရှိ အဂ္ဂမဟာဂုဏ်ရည်ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၃ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၇၇ပါးနှင့် ဒေသခံပြည်သူ ၇၁ ဦးအား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား / နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့်တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များ အင်းလေးကန် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**ညောင်ရွှေ မေ ၉**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ ရောက်ရှိနေသော ဒသမတန်းလူရည်ချွန် မောင်မယ် ၁၃၂ ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီက စက်လှေများဖြင့် အင်းလေးကန်အတွင်း ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။



**သွားရောက်လေ့လာ**

ကေလာကျေးရွာရှိ ရေခြံစိုက်ပျိုးရေးလုပ်ငန်း၊ ဟဲယာရွာမကျေးရွာရှိ ရိုးရာငွေပန်းတိမ်လုပ်ငန်း၊ ရိုးရာချည်ထည်၊ ပိုးထည်လုပ်ငန်းတို့ကို သွားရောက်လေ့လာကြသည်။

ထို့အပြင် သမိုင်းဝင်အလိုတော်ပေါက်ဘုရားနှင့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်တို့အား ဖူးမြော်ကြပြီး ဘုရား ရင်ပြင်တော်ဈေးဆိုင်များ၌ ဒေသရိုးရာ စားသောက်ကုန်များနှင့် အမှတ်တရ ဒေသထွက်များ ဝယ်ယူကြသည်။

**စိုင်းအယ်ဘဲ**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် Yangon Heritage Night Run 2026 ပွဲတော်ကို မေ ၉ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှေ့မှ စတင်တာလွှတ်ရာအပြေးပြိုင်ပွဲဝင်များ စတင်တာထွက်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကိုပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၉**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပြတိုက်အဆောက်အအုံကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ကို လျောင်ဒဏ်ခံနိုင်အောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ PTTEP International Limited အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ PTTEP International Limited အမှုဆောင်အရာရှိချုပ်အား ယမန်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရေနံ့သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်းနိုင်ငံအကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာ့ကမ်းလွန်လုပ်ကွက်များ၏ ရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် တွင်းသစ်များ၊ ဖြည့်စွက်တွင်းများ တူးဖော်ရာတွင် နည်းပညာဆိုင်ရာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေသည့် လုပ်ကွက် M3 (အောင်သိင်္ခစီမံကိန်း)၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် မြန်မာ့ရေနက်ကမ်းလွန်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုနိုင်ရေးဆိုင်ရာ ပညာပေးဆွေးနွေး

**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းသည် ယမန်နေ့က မကွေးမြို့နယ် ဆိပ်သာဆိုလာစနစ် ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး အောင်လံမြို့နယ် တောင်သူပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာအုပ်စု နွေစပါး ၁၅၅ ဧက အကွက်ကျယ်စံပြကွက်တွင် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ညနေပိုင်းတွင် ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုနိုင်ရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကာ ကြံစိုက်တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စိုက်ပျိုးရေးကဏ္ဍတွင် ရေအရင်းအမြစ်ကို အကျိုးရှိရှိ အသုံးချ

*(ယမန်နေ့မှ အဆက်)*

### ထိရောက်သော ရေသွင်းနည်းစနစ်များ

**ကျင်းခွက်စနစ်ဖြင့် ရေသွင်းခြင်း** – စိုက်ပျိုးမြေကို ကန်သင်းများဖြင့် အကွက်ငယ်လေးများ(သို့မဟုတ်) ကျင်းများသဖွယ် ပေါင်ခတ်ပြီး ၎င်းအကွက်ထဲသို့ ရေကို အပြည့်ဖြည့်သွင်းသည့် ရေသွင်းနည်းစနစ် တစ်ခုဖြစ်ပါသည်။



| အားသာချက်များ | အားနည်းချက်များ |
|---|---|
| ရေသွင်းရန် နည်းပညာ မြင့်မားစွာ မလိုအပ်ခြင်း။ | မြေမျက်နှာပြင် မညီညာပါက ရေညီညာစွာ မရရှိနိုင်ခြင်း။ |
| စရိတ်စက သက်သာခြင်း။ (စက်ပစ္စည်း မလိုအပ်ပါ) | ရေငွေ့ပြန်မှုနှင့် စိမ့်ထွက်မှုကြောင့် ရေလေလွင့်မှုရှိနိုင်ခြင်း။ |
| ရေကို အပင်ခြေအထိ ရောက်အောင် ပေးနိုင်ခြင်း။ | မြေသားကျစ်လျစ်လွန်းသော မြေများတွင် ရေဝပ်ကာ အမြစ်ပုပ်နိုင်ခြင်း။ |

**ကန်သင်းပေါင်ခတ် ရေသွင်းခြင်း** – မြေကွက်အား ရှည်လျားပြီး ကျဉ်းမြောင်းသည့် မြေကွက်များအဖြစ် ကန်သင်းများခတ်၍ ရေသွင်းခြင်းဖြစ်ပါသည်။



ရေလမ်းကန်သင်းဖမ်းရေသွင်း



လယ်ကြားမြောင်းမှ ရေသွင်းခြင်း

**ပေါင်ကြီးတင်စနစ်ဖြင့် ရေသွင်းခြင်း** – အပင်တန်းများကြားတွင် မြောင်းငယ်များ ဖော်ထားပြီး ယင်းမြောင်းများထဲသို့ ရေသွင်းသည့် စနစ်ဖြစ်ပါသည်။ မြောင်းပေါင်ဖြင့် ရေသွင်းသည့်နည်းစနစ်သည် နှုန်းမြေနှင့် မြေစေးများအတွက် သင့်တော်ပြီး ရေဆုံးရှုံးမှုနည်းကာ အပင်မှအမြစ် နက်နက်ဆင်းစေပါသည်။



### အကျိုးကျေးဇူးများ

**ရေစီးမံခန့်ခွဲမှု ပိုမိုလွယ်ကူခြင်း** – လိုအပ်သလို ရေသွင်းရေထုတ် ပြုလုပ်နိုင်ခြင်း၊ ရေချွေတာနိုင်ခြင်း။

**ရေစီးရေလာကောင်းမွန်ခြင်း** – ရေဝပ်ခြင်းမရှိ လေဝင်လေထွက်ကောင်းသဖြင့် အမြစ်များကျန်းမာကောင်းမွန်စေခြင်း။ ထို့အပြင် မြေကျစ်လျစ်မသွားခြင်း၊ မြေဆွေးနှင့် မြေဩဇာစသည်တို့ကို ပေါင်ပေါ်တွင် သီးသန့်ဖြည့်တင်းနိုင်ခြင်းကြောင့် မြေဆီလွှာအရည်အသွေး ပိုမိုကောင်းမွန်စေနိုင်ပါသည်။။ အပင်ပြုစု ထိန်းသိမ်းရလွယ်ကူစေနိုင်ပါသည်။ ပေါင်ဖော်ရာတွင် မြေအမျိုးအစားနှင့် စိုက်ပျိုးမည့်သီးနှံတို့ပေါ် မူတည်ပြီး ပေါင်အမြင့်၊ ပေါင်အကျယ်၊ ကြားအကွာအဝေးတို့ကို ချိန်ညှိ၍ ပြုလုပ်ရမည်ဖြစ်သည်။

| အခြေအနေ | ကန်သင်းပေါင်ခတ် | မြောင်းငယ် |
|---|---|---|
| ရေထိတွေ့မှု | မြေမျက်နှာပြင်တစ်ခုလုံးကို ရေလွှမ်းသည်။ | မြောင်းထဲတွင်သာ ရေစီးပြီး ဘေးသို့ စိမ့်ဝင်သည်။ |
| သီးနှံအမျိုးအစား | ထူထပ်စွာ စိုက်သော အပင်များ (ဥပမာ– ဂျုံ)။ | အတန်းလိုက်စိုက်သော အပင်များ (ဥပမာ– ပြောင်းဖူး၊ နှမ်း၊)။ |
| မြေအနေအထား | မြေမျက်နှာပြင် အလွန်ညီညာရန် လိုအပ်သည်။ | မြေမျက်နှာပြင် အနည်းငယ် မညီညာသော်လည်း သုံးနိုင်သည်။ |
| ရေအသုံးချမှု | ရေပိုမို ကုန်စေနိုင်သည်။ | ရေကို ပိုမိုထိန်းချုပ်နိုင်စွမ်းရှိသည်။ |

**အစက်ချရေပေးသွင်းနည်းစနစ်** – အပင်အမြစ်ဇုန်သို့ တိုက်ရိုက်ရေပေးသွင်းခြင်းဖြစ်ပြီး ရေအလေအလွင့် ဆုံးရှုံးမှုလျှော့ချပေးသည့် စနစ်ဖြစ်ပါသည်။



အစက်ချရေသွင်းစနစ်

### ဒေါက်တာပပဝင်း(စိုက်/သု)

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| မြေအမျိုးအစားအမျိုးမျိုး၊ အနေအထားအမျိုးမျိုးအတွက် အသုံးပြုနိုင်ခြင်း။ | ဒီဇိုင်းတပ်ဆင်မှုနှင့် နောက်ဆက်တွဲ လည်ပတ်မှုအတွက် ကုန်ကျစရိတ် မြင့်မားခြင်း။ |
| ရေသွင်းစနစ် အားလုံးတွင် ထိရောက်မှု အရှိဆုံးဖြစ်ခြင်း၊ ရေဝပ်ခြင်းနှင့် မြေဆီလွှာတိုက်စားမှု လျော့နည်းသက်သာစေခြင်း။ | ရေစစ်အသုံးမပြုနိုင်ပါက ရေပိုက်များတွင် ပိတ်ဆို့မှုရှိနိုင်ခြင်း။ |
| ရေဆုံးရှုံးမှုနည်းသဖြင့် ရေကုန်ကျမှု သက်သာစေခြင်း၊ လုပ်အားချွေတာနိုင်ခြင်း။ | ရေမသန့်ပါက ပိုက်လိုင်းများ ပိတ်နိုင်ခြင်း။ |
| အပင်ကြီးထွားမှု ကောင်းမွန်၍ အထွက်နှုန်းတိုးစေခြင်း။ | အပူချိန်မြင့်သည့် နေရာများတွင် ရေများ အငွေ့ပြန် ဆုံးရှုံးမှုများနိုင်ခြင်း။ |
| အပင်မှ အာဟာရစုပ်ယူသုံးစွဲမှု ပိုမိုထိရောက်ခြင်း။ | ပင်ကြား၊ တန်းကြားစိပ်စိပ်စိုက်သော သီးနှံများ (ဥပမာ–နှမ်း၊ ဂျုံနှင့် အခြားနှံစားသီးနှံများ)အတွက် အထူးသင့်လျော်ခြင်း။ |
| ပိုးမွှားကျရောက်မှုနှင့် ပေါင်းပေါက်ရောက်မှု သက်သာစေခြင်း။ | |

**ရေဖျန်းစနစ်** – ရေကို ပိုမိုညီမျှစွာဖျန်းပေးခြင်းဖြင့် ပုံမှန်ရေသွင်းနည်းစနစ်ထက် ရေအလေအလွင့် နည်းပါးစေရန် ဆောင်ရွက်သည့်စနစ်ဖြစ်ပါသည်။



ရေဖျန်းစနစ်

### ရေဖျန်းစနစ်

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| မြေဆီလွှာ တိုက်စားခြင်းကို ရှောင်ရှား/ ထိန်းချုပ်နိုင်ခြင်း။ | လေသည် ရေဖျန်းစနစ်ပုံစံကို အနှောင့်အယှက် ဖြစ်စေနိုင်ခြင်း။ |
| ရေကိုညီတူညီမျှ ထိရောက်စွာ အသုံးပြုနိုင်ခြင်း။ | အသုံးပြုသည့်ပစ္စည်းကိရိယာ၏ တန်ဖိုးကို အကျိုးရှိမှုရှိရန်စဉ်ဆက်မပြတ် အသုံးပြုရန် လိုအပ်ခြင်း။ |
| သီးနှံကြီးထွားမှုအဆင့်အလိုက် လိုအပ်သလို ထိန်းချုပ်ရေသွင်းနိုင်ခြင်း။ | ရေမသန့်က ပိုက်လိုင်းများ ပိတ်နိုင်ခြင်း။ |
| မျက်နှာပြင်စီးဆင်းခြင်းနှင့် ရေစိမ့်ဝင် ဆုံးရှုံးမှုမရှိခြင်း၊ အလုပ်သမားခ ကုန်ကျမှုသက်သာခြင်း။ | အပူချိန်မြင့်သည့် နေရာများတွင် ရေငွေ့ပြန်ဆုံးရှုံးမှုများနိုင်ခြင်း။ |
| မြေအောက် ရေမျက်နှာပြင်မြင့်တက်သည့် အခါတွင်လည်း အသုံးပြုနိုင်ခြင်း။ | အမြစ်နက်နက်ဆင်းသော သီးနှံများနှင့် သဲဆန်သော မြေအတွက်သာ သင့်လျော်ခြင်း။ |

**စမတ်ရေသွင်းနည်းပညာ** – မြေဆီလွှာ အာရုံခံကိရိယာ၊ မိုးလေဝသအချက်အလက်နှင့် ဂြိုဟ်တုပုံရိပ်များကို အသုံးပြု၍ ရေသွင်းချိန်၊ ရေပမာဏကို အလိုအလျောက် ဆုံးဖြတ်ပေးသောစနစ်ဖြစ်ပါသည်။



**❝ မြေဆီလွှာ၏ ရေထိန်းနိုင်စွမ်းကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းသည် ရေရှားပါးမှုဒဏ်ကို ကာကွယ်ပေးသည့် အကောင်းဆုံးဒိုင်းတစ်ခုဖြစ်ပါသည်။ ရေမရှိလျှင် မြေဩဇာကို အပင်မှ မစုပ်ယူနိုင်ပေ။ မြေဆီလွှာအစိုဓာတ်လုံလောက်မှသာလျှင် အသုံးပြုသည့် မြေဩဇာသည် အကျိုးဖြစ်ထွန်းမည်ကို သတိပြုသိရှိရမည်။ ရေထိန်းနိုင်စွမ်းကောင်းသည့် မြေဆီလွှာသည် မိုးရွာသွင်းမှု နည်းပါးသည့်နှစ်များတွင် အထွက်နှုန်းထိခိုက်မှုမရှိစေရန် ထိန်းပေးထားနိုင်သည်။ အသုံးပြုလိုက်သည့် ရေတစ်စက်၊ မြေဩဇာ တစ်မှုန့်စီတိုင်းမှ အမြတ်များ ရရှိစေရန် စုဆောင်းပေးနေသည်ဟု မှတ်ယူ၍ စနစ်တကျစိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းပြီး ဝင်ငွေတိုးလာနိုင်မည် ❞**

စာမျက်နှာ ၇ သို့

# MFF U16/U19 လူငယ်ဖူဆယ်လိဂ် ၂၀၂၆ ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၉**

MFF U16/U19 Youth Fustal League 2026 ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ MFF Fustal Stadium သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အထောက်အကူပြုဘောလုံးများ ပေးအပ်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Football For Schools Program အတွက် ဘောလုံး ၅၀၀၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် MFF U16/U19 Youth Fustal League 2026 ပထမပွဲစဉ်အဖြစ် YCDC Dream Team FC အသင်းနှင့် YRG FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ MFF U16/U19 Youth Fustal League 2026 ကို ပြိုင်ပွဲဝင်အသင်း ၂၄ အသင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၃၃၆ ဦးဖြင့် မေ ၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား ရမည်းသင်းမြို့နယ် သစ်တောဦးစီးဌာနရုံး ရှင်းလင်းဆောင်၌ တွေ့ဆုံသည်။

ထို့နောက် မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသည့် လူထုဖြန့်ပျိုးပင်များ၊ အထူးပျိုးပင်များကို ကြည့်ရှုသည်။ (ဓါတ်ပုံ)

ယင်းနောက် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းရှိ အမှတ်စဉ်(၁၉၉)နှင့် အမှတ်စဉ်(၁၂၀)ရှိ သင်တန်းသားများကို သွားရောက်တွေ့ဆုံ၍ သင်တန်းသားများအနေဖြင့် စာတွေ့လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူကြရန် မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၉**

မေ ၁၁ ရက်တွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

### အကျိုးကျေးဇူးများ

ရေသုံးစွဲမှုကို လျှော့ချနိုင်ခြင်း၊ အာဟာရဓာတ် ဆုံးရှုံးမှုလျှော့ချနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို လျှော့ချနိုင်ခြင်း၊ လုပ်သားအင်အား လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

### မြေဆီလွှာကို ဖုံးအုပ်စိုက်ပျိုးခြင်း

ကောက်ရိုး၊ သစ်ရွက်ဆွေး၊ ပလတ်စတစ်များဖြင့် မြေဆီလွှာမျက်နှာပြင်ကို ဖုံးအုပ်ပေးခြင်းဖြင့် ရေကို ၄၀ ရာခိုင်နှုန်းထိ ချွေတာနိုင်ရုံသာမက ပေါင်းပေါက်ရောက်မှုကို ၉၀ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ပါသည်။ မြေကြီးမှ ရေငွေ့ပြန်မှု ၄၀ ရာခိုင်နှုန်း- ၈၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခြင်းကြောင့် အစိုဓာတ်ကို ကြာရှည်စွာထိန်းထားနိုင်ပါသည်။ မကြာခဏ ရေမသွင်းရသောကြောင့် သွင်းရေနှင့်အတူပါနိုင်သည့် ဆားများစုပုံလာခြင်းမှ ကာကွယ်နိုင်ခြင်း၊ မြေဆီလွှာအပူချိန်ကို ထိန်းညှိပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။



### သီးနှံများဖြစ်ထွန်းဖို့ ရေသွင်းတာကို ချင့်ချိန်စို့

ရေတစ်စက်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ သို့မှသာလျှင် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုသို့ ဦးတည်လာနိုင်မည်ဖြစ်သည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုသည် စားရေရိက္ခာဖူလုံမှုကို အထောက်အကူ ပြုနိုင်သည့်အပြင် တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်နှုန်းတိုးစေကာ ဝင်ငွေတိုးလာနိုင်မည်ဖြစ်ပါသည်။

စပါးသီးနှံတွင် ရေသုံးစွဲမှုလျှော့ချသော်လည်း အထွက်နှုန်းမပြောင်းလဲနိုင်သည့် စိုက်ပျိုးနည်းစနစ်များဖြစ်သော တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၊ စိုတစ်ခါ ခြောက်တစ်လှည့် ရေပေးသွင်းသည့်နည်းစနစ်များ အသုံးပြုစိုက်ပျိုးသင့်ပါသည်။




### အကြံပြုတိုက်တွန်းချက်

- ဆည်ရေသောက် သို့မဟုတ် မြစ်ရေတင်ဒေသများတွင် လယ်ကြားမြောင်းများပြုပြင် ထိန်းသိမ်းပါ။
- တောင်သူများအနေဖြင့် လက်ရှိဆည်မြောင်းမှ ကျင့်သုံးလျက်ရှိသည့် 4R စနစ်များဖြစ်သော ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ရေအသုံးချမှုလျှော့ချခြင်း၊ အသုံးချပြီး ရေများအား ပြန်လည်အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီး ရေအရင်းအမြစ်များကို ကောင်းမွန်အောင်ပြင်ဆင်ခြင်း စသည်တို့အပေါ် မိမိနှင့်သက်ဆိုင်သည့်အပိုင်းများတွင် စနစ်တကျလိုက်နာဆောင်ရွက်ကြပါ။
- ကွင်းမှ ပိုလျှံရေကို ရနိုင်သလောက် ပြန်လည်အသုံးချပါ။
- ရေအသုံးချသူများ စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များ ကျင့်သုံးပါ။
- မြောင်းရင်းတွင် တစ်ကွင်းတစ်စပ်တည်း စိုက်ချိန်တူ၊ သီးနှံတူ မျိုးတူ စိုက်ပျိုးမှုကို တတ်နိုင်သမျှ ကျင့်သုံးပါ။
- စပါးစိုက်ရာတွင် ရေသွင်းရေခန်းစနစ် ကျင့်သုံးပါ။
- မြေအောက်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်များတွင် ရေကို အဟောသိကံမဖြစ်စေဘဲ မိုးရေပြန်ဖြည့်တင်းခြင်း၊ ရေအရည်အသွေး စစ်ဆေးခြင်းတို့ လုပ်ဆောင်ပါ။
- မိုးကောင်းသောက်ဒေသများတွင် ရေထိန်းစွမ်းအား ကောင်းအောင် မြေပြုပြင်ပါ။ ရေချွေတာနိုင်မည့်နည်းလမ်းများ ကျင့်သုံးပါ။ (ရေလိုအပ်ချက်နည်းသောသီးနှံများ၊ မိုးခေါင်ဒဏ်ခံမျိုးများ စိုက်ရန်)
- ရေဆုံးရှုံးမှုနည်းရန် ဆောင်ရွက်ရမည့် နည်းလမ်းများဖြစ်သည့် သင့်တော်သော ပင်ကြား တန်းကြားစိုက်ခြင်း၊ မြေဖုံးပေးခြင်း၊ မြေညီအောင်ဆောင်ရွက်ခြင်း၊ ထွန်ယက်မှုလျှော့နည်းစေခြင်း၊ သီးနှံအကြွင်းအကျန်များ/ မြေဆွေးထည့်ခြင်း၊ လေကာပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ပါ။

(ရေမကြာခဏသွင်းရခြင်း ကင်းဝေးမှသာလျှင် မြေဆီလွှာအတွင်း ကာဗွန်ကို ပြန်လည်သိုလှောင်နိုင်မည်ဖြစ်သောကြောင့် အကျိုးပြုအဏုဇီဝသက်ရှိများ ရှင်သန်နိုင်ပြီး အပင်များ ရေကို ကြာရှည်စွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ရေသွင်းချိန် ကြားကာလ ကြာရှည်လေ ကောင်းလေဖြစ်ပါသည်။)




ရေငွေ့တစ်ပေါက် အငွေ့ပြန်သွားလျှင် လယ်သမားများ၏ ဝင်ငွေများ ရေငွေ့နှင့်အတူ ပါသွားမည်ဖြစ်သောကြောင့် ရေပမာဏ အနည်းဆုံးအသုံးပြု၍ အပင်၏အမြစ်ဇုန်ဧရိယာသို့ တိုက်ရိုက် ရေပေးသွင်းနိုင်မည့်နည်းလမ်းကို အသုံးပြုရမည်ဖြစ်သည်။ အပင်အတွက် အရေးကြီးသော အချိန်တွင် ပေးလိုက်သည့် ရေသည် ရွှေနှင့်တူသည်ဟု မှတ်ယူကာ ရေသွင်းခြင်း၊ အစိုဓာတ်ထိန်းနိုင်စွမ်း မြင့်အောင် ဆောင်ရွက်ခြင်းသည် အပင်ကို အစာကျွေးခြင်းဟု ခံယူရမည်ဖြစ်သည်။

မြေဆီလွှာ၏ ရေထိန်းနိုင်စွမ်းကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းသည် ရေရှားပါးမှုဒဏ်ကို ကာကွယ်ပေးသည့် အကောင်းဆုံးဒိုင်းတစ်ခုဖြစ်ပါသည်။ ရေမရှိလျှင် မြေဩဇာကို အပင်မှ မစုပ်ယူနိုင်ပေ။ မြေဆီလွှာ အစိုဓာတ်လုံလောက်မှသာလျှင် အသုံးပြုသည့် မြေဩဇာသည် အကျိုးဖြစ်ထွန်းမည်ကို သတိပြုသိရှိရမည်။ ရေထိန်းနိုင်စွမ်းကောင်းသည့် မြေဆီလွှာသည် မိုးရွာသွန်းမှုနည်းပါးသည့်နှစ်များတွင် အထွက်နှုန်းထိခိုက်မှုမရှိစေရန် ထိန်းပေးထားနိုင်သည်။ အသုံးပြုလိုက်သည့် ရေတစ်စက်၊ မြေဩဇာ တစ်မှုန့်စီတိုင်းမှ အမြတ်များရရှိစေရန် စုဆောင်းပေးနေသည်ဟု မှတ်ယူ၍ စနစ်တကျစိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းပြီး ဝင်ငွေတိုးလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ် ကြည့်ရှုစစ်ဆေး

ပဲခူး မေ ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် ဝေါမြို့နယ် ဆပ်သွားခြုံ တာဆုံအနီးရှိ X-Ray စစ်ဆေးရေးဂိတ်၌ မူးယစ်တပ်ဖွဲ့စုများနှင့် တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှု**

ယင်းနောက် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေး သွင်းကုန်ဂိတ်အမှတ် (၁)နှင့်(၂)၊ ပို့ကုန်ဂိတ်အမှတ်(၃)တို့ရှိ ကုန်တင်မော်တော်ယာဉ်နှင့် လူစီးမော်တော်ယာဉ်များ စစ်ဆေးနေမှုနှင့် ခရီးသွားများ၏ အချက်အလက်များ တိုက်ဆိုင်စစ်ဆေးနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ချင်းပြည်နယ်ဝန်ကြီးချုပ် မိသားစု တစ်ပိုင်တစ်နိုင် ဥစားကြက်နှင့် အသားတိုးဝက် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတက်ရောက်

ဟားခါး မေ ၉

ချင်းပြည်နယ် မိသားစုတစ်ပိုင်တစ်နိုင် ဥစားကြက်နှင့် အသားတိုးဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မိသားစုတစ်ပိုင်တစ်နိုင် ဥစားကြက်နှင့် အသားတိုးဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲမှ တစ်ဆင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မွေးမြူသူများ ပိုမိုသိရှိ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပြီး ချင်းပြည်နယ်၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားပြီး မွေးမြူသူများကိုယ်စား မွေးမြူသူတစ်ဦးအား တိရစ္ဆာန်အစာများနှင့် တိရစ္ဆာန်ကုသဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ



မုံရွာ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းအုပ်ကြီးရုံးခန်း၌ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မကြာမီ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စတင်ဖွင့်လှစ်တော့မည်ဖြစ်၍ ကျောင်းအပ်လက်ခံရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် ကိုယ်ပိုင်ကျောင်းများ အနေဖြင့်လည်း ကျောင်းအပ်လက်ခံရာတွင် စနစ်တကျရှိစေရေး၊ အတန်းကျော်လက်ခံမှုများ မရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယမန်နေ့ ညပိုင်းကလည်း စစ်ကိုင်းမြို့ စက်မှုဇုန်ရှိ “သုတသုခ”ဓာတ်မြေဩဇာထုတ်လုပ်ရေးစက်ရုံ၌ ဓာတ်မြေဩဇာထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ဓာတ်မြေဩဇာများ ဓာတ်ခွဲနေမှုအဆင့်ဆင့်များကို လိုက်လံကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကချင်ပြည်နယ် ဝန်ကြီးချုပ် မိုးညှင်းတက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အလှူငွေများပေးအပ်

မိုးညှင်း မေ ၉

ကချင်ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့နံနက်ပိုင်းက မိုးညှင်းမြို့ နားခါးရပ်ကွက် ဓေယျာသုခဝါဆိုကျောင်းတိုက် ပဓာနနာယက ဆရာတော်၏ အန္တိမအဂ္ဂိစျာပန သာခုကီဋ္ဌန ပူဇာသဘင်သို့ တက်ရောက်ပြီး ဆရာတော်ကြီး၏ အန္တိမဈာပနအတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က ပေးပို့ဆက်ကပ်သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဆက်ကပ်သည်။

**နေ့ချင်းပြီးဆောင်ရွက်**

ထို့နောက် မိုးညှင်းတက္ကသိုလ် ရတနာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် ပါမောက္ခဌာနမှူးများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေး၍(ယာပုံ) ကျောင်းအတွက် ငွေကျပ် ၂၅ သိန်းကို ချီးမြှင့်ပေးအပ်ပြီး မိုးညှင်းမြို့နယ် နန့်ပုပ်ကျေးရွာရှိ ဂါမဝိဟာရရွာမကျောင်း ဓမ္မာရုံ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးအပ်ကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။




**ရှင်းလင်းဆွေးနွေး**

ယင်းနောက် နမ္မတီးမြို့သို့ ရောက်ရှိပြီး မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ပြည်နယ်(ပြန်/ဆက်)

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏၊ တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။

# နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅။

(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။

(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**





# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲ လာရောက်လေ့လာကြည့်ရှုသူ ပိုမိုများပြား

နေပြည်တော် မေ ၉

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပတ်လမ်းတွင် ပြသလျက်ရှိရာ ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ အဖွဲ့ဝင်များနှင့် ရဟန်းရှင်လူပြည်သူ လာရောက်ကြည့်ရှုလေ့လာကြသူများ ပိုမိုများပြားစည်ကားခဲ့ရာ ပြပွဲနှင့် ပတ်သက်၍ ၎င်းတို့၏ သဘောထားအမြင်များကို စုစည်းဖော်ပြအပ်ပါသည်-**

**ဦးဇော်ဇော်ဦး**
**ဒုတိယပါမောက္ခချုပ်(စီမံ)**
**အပြည်ပြည်ဆိုင်ရာထေရဝါဒ**
**ဗုဒ္ဓသာသနာပြုတက္ကသိုလ်**

ပြပွဲကို လာရောက်ကြတဲ့အခါ ဘာသာ၊ သာသနာအတွက် ခေတ်အဆက်ဆက် ဘယ်လောက် ရုန်းကန်ခဲ့ရတယ်ဆိုတာ နားလည်သွားမှာ ဖြစ်ပါတယ်။ နောင်မျိုးဆက်သစ်တွေ အပါအဝင် ရဟန်းရှင်လူပြည်သူအားလုံးမှာ ဘာသာ၊ သာသနာကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလိုတဲ့စိတ်တွေ အများကြီး ကိန်းအောင်း သွားပြီဆိုတာ ထင်ရှားစွာ တွေ့မြင်ရပါတယ်။ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် အရေးကြီးတဲ့ ပြပွဲလို့ပြောချင်ပါတယ်။ သာသနာအတွက် အများကြီးတန်ဖိုးရှိပါတယ်။ သာသနာကို ထိန်းသိမ်းစောင့်ရှောက်မယ့် သာသနာပြုမင်းအဆက်ဆက် ကြိုးပမ်းဆောင်ရွက်မှုတွေကို ပေါ်လွင်ထင်ရှားစေပါတယ်။

**ဦးထင်ကျော်မိုး**
**ဒုတိယဥက္ကဋ္ဌ ဗုဒ္ဓဘာသာ**
**ကလျာဏယုဝအသင်း(YMBA)**

ပထမသင်္ဂါယနာတင်ကနေ ဆဋ္ဌသင်္ဂါယနာတင်အထိ အကုန်လုံးလေ့လာရတဲ့အတွက်ဗဟုသုတရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ထေရဝါဒဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးလုပ်ငန်းစဉ်တွေ အများကြီးလိုအပ်တယ်။ ဒီလို ပြပွဲမျိုးတွေကို မကြာခဏ ကျင်းပမှလည်း ဗုဒ္ဓဘာသာဝင်တွေသာမက နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုအားလုံး ဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို သိမြင်နားလည်လာမှာဖြစ်ပါတယ်။

**ဦးထွန်းလွင်**
**အသက် (၈၉)နှစ်၊ လှိုင်မြို့နယ်**

ဆဋ္ဌသင်္ဂါယနာတင်တဲ့ အချိန်တုန်းက နယ်မြို့မှာ နေတာဆိုတော့ ကြားပဲကြားဖူးခဲ့ပါတယ်။ သာသနာနဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေကို သိချင်တာကြောင့် လာရောက်လေ့လာတာ ဖြစ်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ လေ့လာသင့်ပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်။ အခုလက်ရှိမှာလည်း ၁၁၀၀၀ ကရက်ရှိတဲ့ မိုးကုတ်ပတ္တမြားကြီး ပေါ်လာတယ်။ ဇမ္ဗူဒီပါလကျွာတောင်ကျွန်းနိမိတ်ထွန်း ဆိုသလို နိုင်ငံအေးချမ်းလာမယ့် အတိတ်နိမိတ်ဖြစ်ပါတယ်။

**မောင်ဟိဏ်းဝေယံသော်**
**ရွှေပေါက်ကံ**

အခုလို ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဟိုးအရင်က ဆောင်ရွက်ခဲ့တာတွေကို တွေ့မြင်ခဲ့ရပါတယ်။ မျက်ဝါးထင်ထင်မြင်ရတော့ အံ့သြမိတယ်။ ဒီလို ဆဋ္ဌသင်္ဂါယနာတင်တာကို မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့ပါလားဆိုပြီး ဂုဏ်ယူမိပါတယ်။ ဘာသာသာသနာ မပျောက်ပျက်အောင်၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမယ်။ ဘာသာရေးနဲ့ ပတ်သက်တဲ့ စာပေတွေလည်း လေ့လာရမယ်လို့ တွေးမိပါတယ်။

**မဖြူသီခိုင်**
**ပထမနှစ်**
**အမျိုးသားယဉ်ကျေးမှုနှင့်**
**အနုပညာတက္ကသိုလ်**

ပြပွဲက မြတ်ဗုဒ္ဓရဲ့သာသနာနဲ့ ပတ်သက်လို့ ပိုပြီးဗဟုသုတရစေတယ်လို့ မြင်မိပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တယ်ဆိုတာကို စာထဲမှာပဲ ဖတ်ဖူးတယ်။ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းအကြောင်းအရာတွေကို အခုမျက်မြင်ကိုယ်တွေ့ လာရောက်ကြည့်မိတဲ့အခါ ဗဟုသုတတွေလည်းရတယ်။ ဘာသာသာသနာကို ပိုပြီးထွန်းကားအောင် လုပ်ဆောင်သင့်တယ်လို့ မြင်မိတယ်။ လူငယ်တွေအနေနဲ့လည်း ဘာသာရေးနဲ့ ပတ်သက်တာတွေကို လေ့လာသင့်တယ်လို့ ထင်ပါတယ်။

**သတင်းအဖွဲ့**




ဦးဇော်ဇော်ဦး



ဦးထင်ကျော်မိုး



ဦးထွန်းလွင်



မောင်ဟိဏ်းဝေယံသော်



မဖြူသီခိုင်

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း-၄)

**တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာ အစားထိုးသုံးစွဲမှုနည်းပညာများစွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် တိရစ္ဆာန်အစာ စားကျက်ပဲ မျိုးရင်းဝင်အပင်များ (Pasture Legumes) စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက် အသုံးပြုကာ ဓာတ်မြေဩဇာလည်း လျှော့ပေါ့သုံးစွဲနိုင်၊ တောင်သူကြီးများ ဝင်ငွေပိုမိုရရှိနိုင်ခြင်းအကြောင်းကို ဆက်လက်ရေးသား ဆွေးနွေးလိုပါသည်။**

မောင်ပြေ(ဆင်ပေါင်ဝဲ)


စာရေးသူ စိုက်ပျိုးရေးတက္ကသိုလ်တွင်ရှိစဉ် အချိန် အငြိမ်းစားဆရာတစ်ဦးက နိုင်ငံတစ်နိုင်ငံတွင် "မြက်ကို အသုံးချသီးနှံအဖြစ် မစိုက်ပျိုးသေးသမျှ၊ မူဝါဒချမှတ်သူတွေ၊ ဆုံးဖြတ်ချက်ချတဲ့ သူတွေ သဘောမပေါက်သေးသမျှ အဲဒီနိုင်ငံရဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း မတိုးတက်သေးပါ" ဟု မှတ်ချက်ချ ပြောကြားခဲ့ဖူးပါသည်။

စာရေးသူတို့ နိုင်ငံ၏စားကျက်သီးနှံစိုက်ပျိုးရေးသည် အလွန်ခေတ်နောက်ကျ ကျန်နေတုန်းပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးပညာရှင်များကပဲ ဆောင်ရွက်တော့မည်လိုလို၊ မွေးမြူရေးပညာရှင်များကပင် ပြုလုပ်တော့မည်လိုလိုဖြင့် ကြားညှပ်သွားသည့် ပညာရပ်ဖြစ်ပါသည်။ နိုင်ငံတကာတွင်တော့ ဤပညာရပ်အသုံးပြုနေသည်မှာ နှစ်ပေါင်းရာကျော်နေပါပြီ။

စားကျက်စိုက်ပျိုးရေးမှာ တိရစ္ဆာန်များ လွှတ်ကျောင်း စိုက်ပျိုးနည်းစနစ်နှင့် စားကျက်များကို မြေပဲ၊ နှမ်း စသည်တို့ကဲ့သို့ စိုက်ပျိုးကာ တိရစ္ဆာန်များအား ရိတ်ကျွေးစနစ် အဓိက နည်းစနစ် နှစ်မျိုးရှိပါသည်။ စားကျက်ဆိုသည်မှာ စားကျက်မြက်နှင့် စားကျက်ပဲ နှစ်မျိုးဖြစ်ပြီး နှစ်မျိုးစလုံး တွဲဖက်စိုက်ပျိုးရပါမည်။

မိမိတို့နိုင်ငံ၏ ရေမြေရာသီဥတုမှာ အပူပိုင်းဒေသ/ရာသီဥတုဖြစ်သဖြင့် အပူပိုင်းဒေသအတွက် ခံနိုင်ရည်ရှိသော မြက်၊ ပဲမျိုးများကို စိုက်ပျိုးမွေးမြူရပါမည်။ စာရေးသူတို့ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသားဘဝ (၁၉၇၄-၁၉၇၅) ခုနှစ်များက စားကျက်သီးနှံကို လယ်ယာသီးနှံဌာနမှ ဆရာကြီး ဦးဖေနောင်သာက သင်ပေးပါသည်။ စာရေးသူ သရုပ်ပြဆရာဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်၌ အပူပိုင်းသီးနှံမဟာသိပ္ပံ (Tropical Crop Science) အထူးပြုပညာဖြင့် သင်ကြားရန် စေလွှတ်ခံရချိန်၌ ထိုစဉ်က လယ်ယာသီးနှံဌာန ပါမောက္ခဖြစ်သူ ပါမောက္ခဒေါက်တာ ဆလိုင်းထွန်းသန်းက အပူပိုင်းစားကျက်သီးနှံသိပ္ပံဘာသာရပ်ကို သာမန်၊ ပူးတွဲဘာသာအနေဖြင့် သင်ယူခဲ့ရန် မှာကြားပါသည်။ ကွင်းစလန်းတက္ကသိုလ်၌ ထိုဘာသာရပ်နှင့် ဆိုင်သော ဘာသာရပ်သုံးခုနှင့် လက်တွေ့လုပ်ငန်းကို တွဲယူခဲ့ပါသည်။

ဩစတြေးလျနိုင်ငံသည် အမဲသား၊ သိုးသား၊ သိုးမွေး၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ပြီး နိုင်ငံ့ဝင်ငွေ များစွာရရှိနိုင်သည့် နိုင်ငံဖြစ်သည့်အပြင် စားကျက်သီးနှံတွင်လည်း သမပိုင်း (ဝိတိုရိယ၊ တောင်ဩစတြေးလျနှင့် နယူးဆောက်ဝေးပြည်နယ်)နှင့် အပူပိုင်း(ကွင်းစလန်း၊ မြောက်ပိုင်းနယ်မြေ ပြည်နယ်များ) စသည့်ရာသီဥတုပေါင်းစုံရှိသဖြင့် စားကျက်သီးနှံနှင့်ပတ်သက်၍ ကမ္ဘာ့ကျော်နာမည်ကြီး နိုင်ငံဖြစ်ပါသည်။

ပဲ - မြက်ရောနှောစိုက်ပျိုးထားခြင်းဖြင့် မြေဆီအာဟာရထက်သန်လာပုံ။

စာရေးသူတက်ရောက်ခဲ့ရသော ကွင်းစလန်းတက္ကသိုလ် (The University of Queensland) မှာ မြေပဲ၊ ပဲစင်းငုံ၊ စပါး စသည်ဖြင့် စိုက်ပျိုးထားသော သီးနှံသုတေသနခြံနှင့် စားကျက်သီးနှံအထူးပြုလေ့လာစိုက်ပျိုး သုတေသနပြုထားသော သုတေသနခြံတို့သို့ မကြာခဏ သွားရောက်ရပါသည်။ (ယခုတွင်တော့ တက္ကသိုလ်ဖွဲ့စည်းပုံ ပြောင်းလဲချက်အရ ထိုခြံများကို ရောင်းချပြီး ကီလိုမီတာ ၈၀ ဝေးသော ဂတ်တန်စိုက်ပျိုးရေးကောလိပ် (Gatton Agricultural College)နှင့် ပူးပေါင်းသွားသည်ဟု ကြားသိရပါသည်။

စိုက်ပျိုးမွေးမြူရေး ဘာသာအောက်တွင် သီးနှံ၊ စားကျက်၊ ဥယျာဉ်ခြံသီးနှံတို့ ရောနှောသင်ယူလေ့လာရပြီး မွေးမြူကုသရေးမဟာဌာနလည်း ပူးတွဲလျက်ရှိပြီး ဘက်စုံသင်တက္ကသိုလ် တစ်ခု၏အောက်တွင် စားကျက်သီးနှံ စိုက်ပျိုးကာ စားမြုံ့ပြန်တိရစ္ဆာန်များအား ကျွေးမွေးပြုစုပြီး သင်ကြား၊ သုတေသနပြုပေးနေသည်မှာ အလွန်အားရ ကျေနပ်ဖွယ် ကောင်းမွန်လှပါသည်။

မိမိတို့နိုင်ငံတွင် ကျွဲ၊ နွား၊ ဆိတ် မွေးမြူလျှင် လမ်းဘေးတွင် လွှတ်ကျောင်းကြပြီး အစာအတွက် အချိန်ကုန်ခံ၊ မြေအကုန်ခံပြီး မည်သည့်အတွက်ကြောင့် စိုက်နေရမည်နည်းဆိုသည့် အတွေးအခေါ်က ခေါင်းထဲတွင် အရိုးစွဲနေသဖြင့် ဤစားကျက်သီးနှံဘာသာရပ်ကို သင်ကြားရေး၊ သုတေသန၊ တိုးချဲ့ပညာပေးရေးများတွင် အားနည်းနေပါသည်။

ကွင်းစလန်းတက္ကသိုလ်တွင် စာရေးသူ မတက်ရောက်မီ ထိုစဉ်က မွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင်းက စိုက်ပျိုးရေးဘွဲ့ရ သုံးဦးကို စားကျက်သီးနှံဘာသာရပ် သင်ကြားရန်အတွက် စေလွှတ်ခဲ့သည်ဟု သိရပါသည်။ ထိုသူများ မည်သည့်နေရာတွင် ရောက်ရှိနေကြ သည်ကို မသိရတော့ပါ။ (အငြိမ်းစားယူပြီး ဖြစ်နေလောက်ပါပြီ)။

ဆရာကြီး ဦးဖေနောင်သာ ပင်စင်ယူပြီးနောက် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။ စာရေးသူသည် ၁၉၈၉ ခုနှစ်တွင် မဟာသိပ္ပံပြီး၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပြန်ရောက်သည့်အခါ စားကျက် စိုက်ပျိုးရေးကို ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ သင်ကြားပေးခဲ့ပါသည်။ စားကျက်အထူးပြုဘာသာဖြင့် မဟာသိပ္ပံ ကျောင်းသား ကျောင်းသူ လေးဦး ဘွဲ့ရခဲ့သော်လည်း အခြားစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိနေပါသည်။ ယခုလက်ရှိတွင်တော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာသီးနှံဌာန၌ ဒေါက်တာ ဌေးဌေးဦး၊ ဒေါက်တာ အေးအေးခိုင်တို့က စားကျက်သီးနှံ သင်ကြားရေးနှင့် သုတေသနများကို လက်ဆင့်ကမ်း သင်ကြားပေးလျက်ရှိနေပါသည်။

စားကျက်သိပ္ပံနှင့် ပတ်သက်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့တွင်လည်း ပညာရှင်အချို့ရှိသည်ဟု ကြားသိရပါသည်။ မြန်မာနိုင်ငံ ကျွဲ၊ နွားတိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူထုတ်လုပ်မှုမြင့်မားရေး စီမံကိန်းနှင့် ဈေးကွက်အခြေခံသည့် စားမြုံ့ပြန်သတ္တဝါငယ်များ ထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က အခန်းကဏ္ဍတစ်ခုမှ ဩစတြေးလျသုတေသနအဖွဲ့ (ACIAR) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံကိန်းမှာ အစာရေစာရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်သော နည်းလမ်းဖြစ်သည့် တိရစ္ဆာန်အစာ အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ခြင်းသည် ရည်ရွယ်ချက်တစ်ခုအနေဖြင့် ပါဝင်ခဲ့ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာနအနေဖြင့် ဆောင်ရွက်နေသည့် စားကျက်သုတေသနများမှာ ညောင်ဦးနှင့် ရေဆင်းဒေသတို့၌ ဒေသနှင့် ကိုက်ညီသည့် စားကျက်ပဲမျိုးများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ဖြစ်ထွန်းမှုကို လေ့လာခြင်း သုတေသနတစ်ခု၊ ရိတ်ဖြတ်ချိန်အလိုက် ပဲမျိုးများ၏ အစာပမာဏ ထုတ်လုပ်မှုနှင့် အာဟာရတန်ဖိုးပါဝင်မှုကို လေ့လာခြင်းသုတေသနကို လုပ်ဆောင်နေပါသည်။ စားကျက်မြက်မျိုးများဖြစ်သည့် မာကာမြက် (Maker)၊ မွန်ဘာစာမြက် (Mombasa)၊ မူလာတိုမြက် (Mulato II) ရိတ်ဖြတ်ချိန် ကာလအလိုက် အစာပမာဏထုတ်လုပ်နိုင်မှုနှင့် အာဟာရပါဝင်မှုစစ်ဆေးခြင်းကို ဆောင်ရွက်နေပါသည်။

စားကျက်မြက်နှင့် စားကျက်ပဲသီးနှံတို့၏ စားကျက်အထွက်နှင့် အာဟာရအရည်အသွေးတို့အပေါ်တွင် သီးနှံစိုက်ပျိုးမှုပုံစံများနှင့် စားကျက်ရိတ်ကျွေးသည့် ကာလအပိုင်းအခြားတို့၏ သက်ရောက်မှုများအား လေ့လာခြင်းသုတေသနကို ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများအတွက် သင့်တော်သော စားကျက်မြက်မျိုးများမှာ - နာပီယာ Elephant or Napier Grass (Pennisetum purpeum)၊ မွန်ဘာဆာ Mombasa or Guinea Grass (Panicum maximum)၊ မူလာတို-၂ Mulato II or Brachiaria Grass (Brachiaria ruziziensis x B.brizantha x B.decumbens) ဖြစ်ပါသည်။

စားကျက်ပဲမျိုးများ- စတိုင်လို Stylo (Stylosanthes guianensis)၊ ကယ်လပို Calopo (Calopogonium mucunoides)၊ ဒက်စမင်းသတ် Desmanthus (Desmanthus leptolobus)၊ ဆိုင်ရာတြို Siratro (Macroptilium atropurpureum)၊ ဆင်ထရို Centro (Centrosema acutifolium)၊ အောင်မဲညိုပဲ Butterfly Pea (Clitoria ternatea) တို့ဖြစ်ပါသည်။

**စာရေးသူ၏အတွေးတစ်စ**

စာရေးသူ ထိုင်းနိုင်ငံ အူဘွန်ရာချသနီတက္ကသိုလ် (Ubon Rachathani University)မှ စားကျက်သီးနှံညီလာခံကို ၂၀၁၇ ခုနှစ်တွင် ဖိတ်ကြား၍ တက်ရောက်ခဲ့ရာ ထိုစဉ်ကတည်းက ထိုင်းနိုင်ငံနှင့်အတူ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ လာအို စသည်ဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ စားကျက်ကို မျိုးစေ့ထုတ် စိုက်ပျိုးနိုင်သည်အထိ အလွန်အဆင့်မြင့်နေပါပြီ။ ထိုဒေသရှိ ထိုင်းလယ်သမားများမှာ စပါးခင်းများတွင် ရေသွင်းပြီး အပူပိုင်းဒေသဖြစ် စားကျက်မြက် မူလာတို (Mulato)ကို အတန်းလိုက်စိုက်ကာ နေ့တိုင်းရိတ်ပြီး နွားမွေးမြူသူများကို ရောင်းရာ နေ့တိုင်းဝင်ငွေရနေသည်ကို တွေ့ရှိခဲ့ရပါသည်။ သူတို့က စပါးစိုက်လျှင် ၃-၄လခန့်မှ ဝင်ငွေရပြီး စားကျက်မြက်စိုက်ခြင်းဖြင့် နေ့တိုင်းဝင်ငွေရနေသည်ဟူ၍ ပြောပါသည်၊ (စပါးစိုက်လယ်တိုင်းတွင်တော့ စားကျက်မြက်စိုက်ပျိုး၍ မရပါ)။

ယခင် ဆောင်းပါးများထဲမှ စားကျက်ပဲမျိုးအပင်ကြီးများ (Pasture Tree Legumes) ဖြစ်သော မြေနိမ့်ချယ်ရီနှင့် ဘောစကိုင်း (အကြီးမြန်ပဲမျိုးနွယ်သစ်ပင်ကြီးများ)တို့ကို မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသများတွင် စိုက်ပျိုးပါက တစ်ချက် ခုတ်၊ သုံးချက်ပြတ် ဖြစ်ပါမည်။

(၁) အရိပ်လည်းရ၊
(၂) ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစာလည်းရ၊
(၃) မြေဆီလွှာနိုက်ထရိုဂျင်ကိုလည်း ဖြည့်ပေး/ဖြစ်နိုင်မလား တွေးနေမိပါသည်၊

ယခုနှစ် နွေရာသီ ချောက်၊ မကွေး၊ မင်းဘူး စသည့် မြို့နယ်များတွင် အပူချိန်ပြင်းထန်နေချိန် ရေနံချောင်းမြို့၌ အပင်များ စိုက်ပျိုးမှုကြောင့် အပူချိန် သက်သာနေသည်ကို သတိထားမိပါသည်။ သစ်ပင်များစိုက်ပျိုးခြင်းက ကုသိုလ်လည်းရ၊ စိတ်ချမ်းသာမှုလည်းရ မဟုတ်ပါလား။ ။

❑ **စားကျက်စိုက်ပျိုးရေးမှာ တိရစ္ဆာန်များ လွှတ်ကျောင်း စိုက်ပျိုးနည်းစနစ်နှင့် စားကျက်များကို မြေပဲ၊ နှမ်း စသည်တို့ကဲ့သို့ စိုက်ပျိုးကာ တိရစ္ဆာန်များအား ရိတ်ကျွေးစနစ် အဓိက နည်းစနစ် နှစ်မျိုးရှိပါသည်။ စားကျက်ဆိုသည်မှာ စားကျက်မြက်နှင့် စားကျက်ပဲ နှစ်မျိုးဖြစ်ပြီး နှစ်မျိုးစလုံး တွဲဖက်စိုက်ပျိုးရပါမည်**

# ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် ပြည်နယ်နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ခုနှစ် ပြည်နယ်နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ် (၈)မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် နယ်မြေခံ တပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်းဘူးခရိုင်၌ ဝါအထူးဇုန် အကောင်အထည်ဖော် ဆောင်ရွက်မည်

**မင်းဘူး မေ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ ၂၀၂၆-၂၀၂၇ စိုက်ပျိုးရာသီတွင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဝါအထူးဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ မြို့နယ် ငါးခု၌ ဝါသီးနှံမျိုးစုံ ဧကပေါင်း ၄၃၂၉၇ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

နိုင်ငံတော်အစိုးရမှ စက်မှုကုန်ကြမ်းသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး အဓိကဦးစားပေးဆောင်ရွက်လျက်ရှိရာ မင်းဘူးခရိုင်၌ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဝါစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဝါအရည်အသွေးကောင်းမွန်၍ ချည်ချောအဆင့်ထိ ထွက်ရှိရေး ဝါအထူးဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက မေ ၆ ရက်တွင် ဒေသခံတောင်သူများအတွက် ဝါသီးနှံမျိုးစေ့များကို ပေးအပ်ခဲ့ပြီးဖြစ်သည်။



ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီသော သွင်းအားစု မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# သထုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**သထုံ မေ ၉**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို ယနေ့ နံနက်တွင် အဆိုပါကျေးရွာရှိ ကဿဖတိုက်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့အရောက် ဧပြီ ၂၀ ရက် မှစတင်ကာ နေ့စဉ်လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သာစည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျွဲနွားများအား ကာကွယ်ဆေးထိုးနှံပေး

**သာစည် မေ ၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် ကျွဲနွားများတွင် အဖြစ်များသော ထောင့်သန်းရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို မေ ၇ ရက်က မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်မြင့်နိုင်၏ ကြီးကြပ်မှုဖြင့်



ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများက သပြေဝကျေးရွာရှိ ကျွဲ၊ နွားကောင်ရေ ၁၁၅ ကောင်တို့ကို ကာကွယ်ဆေးထိုးနှံပေးပြီး ကျွဲ၊ နွားများတွင် ဖြစ်တတ်သောရောဂါများနှင့် မွေးမြူရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

သာစည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကျေးရွာခုနစ်ရွာနှင့် မြို့ပေါ်ရပ်ကွက်နှစ်ခုတို့တွင် ကျွဲ၊ နွားကောင်ရေ ၁၇၂၅ ကောင်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ကွင်းဆင်းဆောင်ရွက်

**ဒိုက်ဦး မေ ၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကမာဖရုံကျေးရွာ သောဘိတရာမကျောင်းကြီးကျောင်းတိုက်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းကာစနစ်တကျဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျေးရွာပြည်သူများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးထက်ကျော်(ပြန်/ဆက်)**

# တောင်ငူမြို့နယ်၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်လှစ်

**တောင်ငူ မေ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက ယနေ့နံနက်ပိုင်းတွင် ဆိတ်ဖူးတောင်ကျေးရွာ ကယ်တင်ခြင်းဘုရားကျောင်းခန်းမ၌ ရက်(၁၀၀)စီမံချက် ပျားမွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။



သင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်လျက်ရှိပြီး မေ ၉ ရက်မှ ၁၁ ရက်အထိ သင်တန်းကာလ သုံးရက်အတွင်း တောင်ငူမြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးစိုးလင်းက ပျားမွေးမြူရေး ပညာပေးများကို စာတွေ့လက်တွေ့ သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



- ❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စွမ်းအင်ဖူလုံမှုနှင့် နိုင်ငံ့စက်မှုကဏ္ဍ မြှင့်တင်ရေး

**စွမ်းအင်ကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံကို မောင်းနှင်ပေးသည့် အဓိကသွေးကြောဖြစ်သကဲ့သို့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်ပါသည်။**

**ထက်ဇေယံ**

- **စွမ်းအင်ဖူလုံမှုမှတစ်ဆင့် စက်မှုကဏ္ဍကို အဆင့်မြှင့်တင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆောင်ကြဉ်းပေးမည့် မဟာဗျူဟာမြောက်လုပ်ငန်းစဉ်ပင်ဖြစ်**
- **နိုင်ငံတော်မှ ချမှတ်ထားသော စွမ်းအင်နှင့် စက်မှုမူဝါဒများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်တွင်းအရင်းအမြစ်များကို ထိရောက်စွာအသုံးချခြင်းနှင့် နည်းပညာသစ်များကို လက်ခံကျင့်သုံးခြင်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို ခေတ်မီတိုးတက်စေမည်**
- **ပြည်သူတစ်ရပ်လုံးက စွမ်းအင်ကို အကျိုးရှိစွာအသုံးချပြီး နိုင်ငံတော်၏ ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်ဖူလုံမှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်သော၊ အဆင့်မြင့်စက်မှု နိုင်ငံတော်အဖြစ်သို့ မလွဲမသွေတက်လှမ်းနိုင်မည်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင်ပြည်တွင်း စွမ်းအင်ဖူလုံမှုရှိခြင်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်နိုင်စေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော စက်မှုအဆင့်အတန်းသို့ ကူးပြောင်းနိုင်ရန် အဆုံးအဖြတ်ပေးသည့် အချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် စွမ်းအင်အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီး ထိရောက်စွာအသုံးချခြင်းဖြင့် နိုင်ငံ့စက်မှုကဏ္ဍကို အဆင့်မြှင့်တင်ကာ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားရန် လိုအပ်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမောင်းနှင်အားဖြစ်ခြင်း**

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် စွမ်းအင်ဖူလုံမှုသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်လာစေရန် ခိုင်မာသောစွမ်းအင်မူဝါဒများဖြင့် ပံ့ပိုးပေးရမည် ဖြစ်ပါသည်။

**ပြည်တွင်းစွမ်းအင်အရင်းအမြစ်များကို အကောင်းဆုံးအသုံးချ၍ စက်မှုကဏ္ဍအားဖြည့်ခြင်း**

မိမိတို့နိုင်ငံတွင် ရှိရင်းစွဲဖြစ်သော ရေအား၊ သဘာဝဓာတ်ငွေ့နှင့် အခြားသော သဘာဝသယံဇာတများကိုအခြေခံ၍ စွမ်းအင်ထုတ်လုပ်မှုကို မြှင့်တင်ခြင်းဖြင့် စက်မှုဇုန်များနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍကို တိုးချဲ့အကောင်အထည်ဖော်ခြင်း**

နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝဒြပ်ထုစွမ်းအင်များကို စက်မှုလုပ်ငန်းများတွင် ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ရုံသာမက စွမ်းအင်လိုအပ်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားစနစ် ခိုင်မာအားကောင်းစေရန် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း**

နိုင်ငံတော်အနှံ့ ဓာတ်အားလိုင်းများ ဖြန့်ကြက်ခြင်းနှင့် ခေတ်မီဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းသည် စက်မှုဇုန်များသို့ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားရောက်ရှိစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

**စက်မှုကဏ္ဍတွင် စွမ်းအင်ချွေတာရေးနှင့် ထိရောက်စွာ သုံးပြုရေးဆိုင်ရာ အသိပညာပေးခြင်း**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် စွမ်းအင်ကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိအသုံးချနိုင်ရန် အတွက် ခေတ်မီနည်းပညာများနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်များကို လုပ်ငန်းရှင်များက ကျင့်သုံးဆောင်ရွက်ရန် တိုက်တွန်းရမည် ဖြစ်ပါသည်။

**စက်မှုအခြေခံစီးပွားရေးစနစ်သို့ ကူးပြောင်းရာတွင် စွမ်းအင်၏ အခန်းကဏ္ဍ**

စိုက်ပျိုးရေးအခြေခံနိုင်ငံမှ စက်မှုအခြေခံနိုင်ငံသို့ ကူးပြောင်းရာတွင်လိုအပ်သော စက်မှုစွမ်းအားများအတွက် စွမ်းအင်ဖူလုံမှုသည် အာမခံချက်ရှိသော အထောက်အပံ့တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

**ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအင်ထုတ်လုပ်မှုတွင် ပါဝင်ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်း**

အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP) စနစ်ဖြင့် စွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေခြင်းက နိုင်ငံတော်၏စွမ်းအင်ကဏ္ဍကို ပိုမိုလျင်မြန်စွာ တိုးတက်စေမည် ဖြစ်ပါသည်။

**ဒေသတွင်း စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုနှင့် ကွန်ရက်ချိတ်ဆက်ခြင်း**

အိမ်နီးချင်းနိုင်ငံများနှင့် စွမ်းအင်ဖလှယ်ခြင်း၊ နည်းပညာမျှဝေခြင်းနှင့် စွမ်းအင်ဆိုင်ရာ သဘောတူညီချက်များ ဖော်ဆောင်ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် လိုအပ်သောစွမ်းအင်ကို အဆင်ပြေချောမွေ့စွာ ရရှိနိုင်မည်ဖြစ်ပါသည်။

**နည်းပညာအဆင့်မြင့်သော စွမ်းအင်သုံး စက်ပစ္စည်းများ အစားထိုးလဲလှယ်ခြင်း**

စက်မှုလုပ်ငန်းများတွင် ခေတ်ဟောင်းစက်ပစ္စည်းများအစား စွမ်းအင်စားသုံးမှုသက်သာပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော ခေတ်မီစက်ကိရိယာများကို အစားထိုးအသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

**စွမ်းအင်ကဏ္ဍနှင့် စက်မှုကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ**

နိုင်ငံတော်၏ စီမံကိန်းများရေးဆွဲရာတွင် စွမ်းအင်လိုအပ်ချက်နှင့် စက်မှုတိုးချဲ့မှုတို့ကို ဟန်ချက်ညီစေခြင်းဖြင့် စွမ်းအင်ပြတ်တောက်မှုမရှိသော ကုန်ထုတ်လုပ်မှုဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

**ကျေးလက်စက်မှုလက်မှုလုပ်ငန်းများအတွက် ဗဟိုချက်မကင်းသော စွမ်းအင်စနစ်များ**

ဒေသအလိုက် အသေးစားစွမ်းအင်ထုတ်လုပ်မှုစနစ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ဝေးလံသောဒေသများရှိ စက်မှုလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

**စွမ်းအင်ဆိုင်ရာသုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို မြှင့်တင်ခြင်း**

စွမ်းအင်ထုတ်လုပ်မှုနှင့် သိုလှောင်မှုဆိုင်ရာ အဆင့်မြင့်နည်းပညာများကို သုတေသနပြုဖော်ထုတ်ခြင်းဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍအတွက် ရေရှည်အားကိုးရမည့် စွမ်းအင်အရင်းအမြစ်များကို ရရှိစေမည်ဖြစ်ပါသည်။

**စက်မှုထုတ်ကုန်များအရည်အသွေးမီစေရန် တည်ငြိမ်သောစွမ်းအင်၏ အရေးပါမှု**

လျှပ်စစ်ဓာတ်အားတည်ငြိမ်စွာ ရရှိခြင်းသည် ထုတ်ကုန်များ၏အရည်အသွေးကို ထိန်းညှိပေးနိုင်ရုံသာမက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင်လည်း ယှဉ်ပြိုင်နိုင်စွမ်းကို မြင့်မားစေပါသည်။

**လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကျွမ်းကျင်မှု**

စွမ်းအင်ကဏ္ဍနှင့် စက်မှုနည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်မွေးမြူခြင်းဖြင့် နိုင်ငံတော်၏ အဆင့်မြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**စွမ်းအင်လုံခြုံရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ**

မိမိတို့နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ပြည်တွင်းအရင်းအမြစ်များဖြင့် ဖူလုံအောင်ဆောင်ရွက်ခြင်းသည် အမျိုးသားစီးပွားရေး လုံခြုံမှုအတွက်သာမက နိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက်လည်း အရေးကြီးပါသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် စွမ်းအင်ဖူလုံမှုကဏ္ဍ**

ပြည်ပမှစက်မှုလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် စွမ်းအင်ဖူလုံမှုနှင့် တည်ငြိမ်မှုသည် အဓိကဆွဲဆောင်မှုတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ စက်မှုအဆင့်အတန်းကို မြင့်မားစေမည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော စက်မှုဇုန်များ ဖော်ဆောင်ခြင်း**

အစိမ်းရောင်စွမ်းအင်(Green Energy)ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**စွမ်းအင်အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

တည်ဆောက်ပြီးသော ဓာတ်အားပေးစက်ရုံများနှင့်လိုင်းများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် စက်မှုကဏ္ဍအတွက် အမြဲတစေ အားကိုးအားထားပြုနိုင်မည် ဖြစ်ပါသည်။

**ဒစ်ဂျစ်တယ်နည်းပညာဖြင့် စွမ်းအင်ဖြန့်ဖြူးမှုကို စီမံခန့်ခွဲခြင်း**

Smart Grid စနစ်များ ကျင့်သုံးခြင်းဖြင့် စွမ်းအင်လိုအပ်ချက်မြင့်မားသော စက်မှုဒေသများသို့ လိုအပ်သလို အချိုးကျခွဲဝေသတ်မှတ်ပေးနိုင်ပြီး စွမ်းအင်စီမံခန့်ခွဲမှု အဆင့်မြင့်လာမည် ဖြစ်ပါသည်။

**စွမ်းအင်ကဏ္ဍ၏ ဘေးထွက်ထွက်ကုန်များကို စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်း**

စွမ်းအင်ထုတ်လုပ်ရာမှ ထွက်ရှိလာသော အပူစွမ်းအင်နှင့် အခြားဘေးထွက်ပစ္စည်းများကို စက်မှုလုပ်ငန်းခွင်များတွင် ကုန်ကြမ်း သို့မဟုတ် စွမ်းအင်အဖြစ် ပြန်လည်အသုံးချခြင်းဖြင့် စက်မှုကဏ္ဍ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**နိုင်ငံတော်၏ ရေရှည်မျှော်မှန်းချက်နှင့် စွမ်းအင်ကဏ္ဍ အောင်မြင်မှု**

စွမ်းအင်ဖူလုံမှုမှတစ်ဆင့် စက်မှုကဏ္ဍကိုအဆင့်မြှင့်တင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆောင်ကြဉ်းပေးမည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

သို့ဖြစ်၍ စွမ်းအင်ဖူလုံမှုသည် နိုင်ငံ့စက်မှုကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် မရှိမဖြစ်လိုအပ်သော သော့ချက်ဖြစ်ပါသည်။ နိုင်ငံတော်မှ ချမှတ်ထားသောစွမ်းအင်နှင့် စက်မှုမူဝါဒများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်တွင်းအရင်းအမြစ်များကို ထိရောက်စွာအသုံးချခြင်းနှင့် နည်းပညာသစ်များကို လက်ခံကျင့်သုံးခြင်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို ခေတ်မီတိုးတက်စေမည် ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးက စွမ်းအင်ကို အကျိုးရှိစွာအသုံးချပြီး နိုင်ငံတော်၏ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်ဖူလုံမှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်သော၊ အဆင့်မြင့် စက်မှုနိုင်ငံတော်အဖြစ်သို့ မလွဲမသွေ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## မော်လမြိုင်ကျွန်းမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း မေ ၉**

မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စားအုန်းဆီကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ မေ ၆ ရက်က လပွတ္တာလုပ်ကြီးကျေးရွာ၌ စားအုန်းဆီခွဲတမ်းများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်နှင့် မြို့နယ်စားအုန်းဆီကိုယ်စားလှယ်များက ကွင်းဆင်း၍ ပြည်သူများ စားအုန်းဆီခွဲတမ်းပိဿာချိန် ပြည့်ဝမှန်ကန်စွာ ရောင်းချနိုင်ရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ စာရင်းဇယားများ သေချာစွာပြုစုထားရန်နှင့် မှန် (၆) မှန်ဖြင့် ဆောင်ရွက်နိုင်ရေး တို့ကို မှာကြားခဲ့ကြောင်းသိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၅-၂၀၂၆ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဆရာတော်များကပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ချမ်းဆိုသော 'ချမ်း'
၀၉:၁၅ ကာတွန်းအစီအစဉ် **'ချစ်ဝရာသုံးဝိသားစု'** (အပိုင်း-၄၈)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ 'မိုးရွာမှာကိုစောင့်နေတယ်' တေးဂီတ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၀ အသိပညာနှင့်အမှန်တရား 'ကိုယ့်ဘဝ၏ CEO ကိုယ်သာဖြစ်ပါစေ'
၁၂:၄၀ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာ့ဇာတ်ရုပ်ရှင် **'သီတာရေကြည်'**
၁၆:၄၀ Sports Diary
၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၈:၃၅ သံစဉ်ဝေဖြာဝေတီဂီယိုတေးကမ္ဘာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ချစ်စိတ်တိုင်းနှောင်ဖွဲ့'** (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၁၀ ဘဝနှင့်အနုပညာ 'ဖြတ်သန်းခဲ့ရာ သူ့အနုပညာ' (အကယ်ဒမီကြည်စိုး)
၂၁:၃၀ ဒေးကျောင်စုံရုပ်ရှင် **'ငွေဇော်ဂျီနှင့်သူငယ်ချင်း'**

**mitv**

07:02 Evergreen Classic: Shwin Lan Chan Myae Par Zay
07:07 Maravijaya Buddha Park New Milestone in History (1)
07:30 Tech Digest
07:40 Myanmar Traditional Food: Mohinga
08:01 News
08:27 ASEAN Women Entrepreneurship: Thailand
08:37 Wushu Kids & Their Limit (Ep-3)
09:01 Exploring Migratory Birds at Moe Yun Gyi Sanctuary
09:42 Today Myanmar: Scenic Spot, Ngwe Hsaung
09:52 Snake Dancer
10:01 News

**Me**

၀၆:၀၀ အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
၀၆:၄၀ ချစ်စရာအရွယ်ကလေးကြမယ်
၀၇:၁၀ မြန်မာ့သံစဉ်တေးများ
၀၇:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝဲဒီစ်ဝေဇင်'** (အပိုင်း-၅၇)
၀၇:၅၀ မြန်မာဇာတ်လမ်းတွဲ **'ချို့ခြင်းမဲ့လင်ရောင်'** (အပိုင်း-၅)
၀၈:၂၀ 'ကဥ္စလိတာနဇာတ်' (ပန်းမာလာ) (ဖိဖိရင့်မှဖြစ်သောရင်သွေးကိုမစွန့်အပ်ရာ) (အပိုင်း-၁)
၀၉:၀၀ မြန်မာရုပ်ရှင် (ဒေးကျောင်စုံ) **'သုံးသုံးလီချစ်'**

**MRTV NRC**

**အရှေ့ပိုင်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဘဝအသပေါ်မြင်နေ့ရက်များဝန်တီးခြင်းပုံရိပ်

**ချင်း (ဖလမ်း) (၀၇:၀၀ မှ ၀၈:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ကျကျေးရွာ (အပိုင်း-၁)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ကြက်သွန်မြိတ်စားခြင်း၏ကျန်းမာရေးအကျိုးကျေးဇူး

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပင်လယ်ပျော်တို့နားခိုရာဆီ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းထမင်းဝါ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ပူတာအိုဒေသ ပန်းလိုင်ရပ်ကွက်မှ ဓါးထုလုပ်ငန်း

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာဝတ်စုံဒုံချောင်း

**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၁)

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ရိုးရာတောင်းတူရိယာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၄၅ Next Level
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ ဖုစမ်းရှာဖွေရှုမောင်းအမွေ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အစ
၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (Repeat)
၁၀:၀၀ လွှတ်တော်ရေးရာအဖြာဖြာ (Repeat)
၂၀:၀၀ ပြည်တွင်းသတင်း (10.5.2026)

**MRTV FARMERS**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
၀၆:၂၀ စားသုံးဆီရှလုံရေးပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းများမှ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ပေး
၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ် 'မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာ'
၀၈:၃၅ MSME ပြပွဲနှင့်အခွင့်အလမ်း
၀၉:၀၀ မြန်မာ့ကော်ဖီပွဲ ပြိုင်မှုမှသည် နိုင်ငံ့စီးပွားတိုးပွားစေမည့်နေပြည်တော်ကော်ဖီ
၁၀:၃၀ နှလုံးလှချစ်သူ (ရေဒီယိုဇာတ်လမ်း)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ ကာလ်ကြိမ်ပျော် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ သောက်သုံးရေကန်များ၊ ဆေးရုံ၊ လမ်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် မေ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ သောက်သုံးရေကန်များ၊ ဆေးရုံ၊ လမ်းများနှင့် ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ဝိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်




**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယမန်နေ့က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဆောင်ရွက်ရာတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများက အသက် (၁၈) နှစ်ပြည့် မှတ်ပုံတင်ထုတ်ပေးခြင်း၊ သေဆုံးသူအမည်စာရင်းပယ်ဖျက်ပေးခြင်း၊ မွေးဖွားသူအမည်စာရင်းတိုးပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ပေးခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် UID ကတ် ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ် (ပြန်/ဆက်)**

# သာစည်မြို့နယ်၌ မြေသြဇာအချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြ



**သာစည် မေ ၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက အိုင်ဒွန်းကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာ တောင်သူဦးထွန်းထွန်းနိုင်နှင့် ဦးဟန်လင်းမြတ်တို့၏ နွေစပါးစိုက်ခင်းများတွင် ပြုလုပ်သည်။

သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ယူရီးယား နှင့် သဘာဝမြေသြဇာရောစပ်ကြဲပက်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများနှင့် ပြုလုပ်သုံးစွဲနည်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ဓာတ်မြေသြဇာ နှင့် သဘာဝမြေသြဇာ (၁:၃) အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းကို ကမ္ဘာ့ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု အထူးသံတမန်အဖြစ် ခန့်အပ်

**လန်ဒန် မေ ၉**

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမားသည် ယခင်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းကို ကမ္ဘာ့ဘဏ္ဍာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးသံတမန်အဖြစ် မေ ၉ ရက်တွင် ခန့်အပ်ခဲ့သည်။

ဗြိတိန်နိုင်ငံ၏ သက်တမ်းအရှည်ဆုံး ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဘရောင်းသည် နိုင်ငံတကာမဟာမိတ်များနှင့်ပူးပေါင်း၍ ပိုမိုအားကောင်းသည့် ဗြိတိန်နိုင်ငံ တည်ဆောက်နိုင်ရန်နှင့် နိုင်ငံ၏ လုံခြုံရေးနှင့် ခံနိုင်ရည်စွမ်းအားကို မြှင့်တင်နိုင်ရန် သင့်လျော်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဘရောင်းသည် ယခင်ဝန်ကြီးချုပ် တိုနီဘလဲလက်ထက် ၁၉၉၇ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။

ဗြိတိန်တွင် မေ ၇ ရက်က ကျင်းပခဲ့သည့် ဒေသန္တရရွေးကောက်ပွဲများ၏ မဲရေတွက်မှုများမှာ ယခုအခါ ပြီးစီးလုနီးပါးရှိနေပြီး လက်ရှိထွက်ပေါ်လာသော ရလဒ်များအရ စတာမား၏ လေဘာပါတီသည် အရှုံးများနှင့် ရင်ဆိုင်နေရကာ ကောင်စီအမတ်နေရာပေါင်း ၁၄၀၀ ခန့် ဆုံးရှုံးထားကြောင်း သိရသည်။

**ဆင်ဟွာ**



ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမားနှင့် ယခင်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းကို တွေ့ရစဉ်။

## ကင်ညာနိုင်ငံ၌ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြံပေးချက်ထုတ်ပြန်

**နိုင်ရိုဘီ မေ ၉**

ကင်ညာနိုင်ငံ အာဏာပိုင်များသည် MV Hondius အပျော်စီးသင်္ဘောပေါ်တွင် ဟန်တာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားခဲ့ပြီးနောက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြံပေးချက်တစ်ရပ်ကို မေ ၉ ရက်တွင် ထုတ်ပြန်သည်။

လေဆိပ်များနှင့် ပင်လယ်ဆိပ်ကမ်းများအပါအဝင် နိုင်ငံအတွင်း ဝင်ပေါက်အားလုံးတွင် စောင့်ကြည့်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်အထိ ကင်ညာနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှု အစီရင်ခံထားခြင်းမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

ကျန်းမာရေးအာဏာပိုင်များသည် အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ပက်ထရစ် အာမေ့ဝါက ပြောကြားခဲ့သည်။

WHO ၏ မေ ၈ ရက် ထုတ်ပြန်ချက်အရ MV Hondius သင်္ဘောပေါ်တွင် လူနာခုနစ်ဦးအနက် ငါးဦးတွင် ဟန်တာဗိုင်းရပ်စ်ကူးစက်ထားကြောင်း အတည်ပြုထားပြီး ကျန်သုံးဦးကို သံသယလူနာများအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ဒတ်ချ် အစိုးရကလည်း MV Hondius သင်္ဘောပေါ်တွင် လိုက်ပါခဲ့သည့် ရောဂါလက္ခဏာမပြသော ဒတ်ချ်နိုင်ငံသားများအား နိုင်ငံအတွင်း ပြန်လည်ရောက်ရှိချိန်တွင် နေအိမ်၌ သီးခြားနေထိုင်မှု (home quarantine) ကို ခြောက်ပတ်ကြာပြုလုပ်ရန် မေ ၈ ရက်က ဆုံးဖြတ်ခဲ့သည်။

**ဆင်ဟွာ**



## ဆိုမာလီယာ၌ ထောက်ပံ့ရန်ပုံငွေ ကြန့်ကြာပါက ငတ်မွတ်ခေါင်းပါးမှု အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိနိုင်ဟု WFP သတိပေး

**မိုဂါဒစ်ရှူး မေ ၉**

ဆိုမာလီယာနိုင်ငံသည် အရေးပေါ်ထောက်ပံ့ရန်ပုံငွေများ အမြန်ဆုံးမရရှိပါက ငတ်မွတ်မှုဘေးအန္တရာယ်မှာ အစုလိုက်အပြုံလိုက် အသက်ဆုံးရှုံးနိုင်သည့် အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က မေ ၈ ရက်တွင် သတိပေးခဲ့သည်။

မိုးခေါင်ရေရှားမှု၊ ပဋိပက္ခများနှင့် ရန်ပုံငွေပြတ်တောက်မှုတို့ကြောင့် ဆိုမာလီယာနိုင်ငံအတွင်းရှိ လူပေါင်း ခြောက်သန်းခန့်မှာ စားရေရိက္ခာမလုံလောက်မှုကို ပြင်းပြင်းထန်ထန်ရင်ဆိုင်နေရကြောင်း ယခုသီတင်းပတ်အတွင်း ဆိုမာလီယာနိုင်ငံသို့ သွားရောက်ခဲ့သည့် WFP လက်ထောက်အမှုဆောင်ဒါရိုက်တာ မက်သရူးဟော်လင်းဝါ့သ်က ပြောကြားသည်။

ထို့ပြင် ကလေးငယ် ၁ ဒသမ ၉ သန်းခန့်မှာ ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရပြီး သိန်းနှင့်ချီသော ကလေးငယ်များမှာ အာဟာရချို့တဲ့မှု၏ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည့် အန္တရာယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများ၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် အချို့ဒေသများ၌ စားသောက်ကုန်ဈေးနှုန်းများ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး စက်သုံးဆီဈေးနှုန်းများမှာလည်း ၁၅၀ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး မြင့်တက်လာကြောင်း သိရသည်။ ယင်းအခြေအနေများကြောင့် ကုန်စည်စီးဆင်းမှုလမ်းကြောင်းများ အဟန့်အတားဖြစ်ပေါ်စေပြီး နိုင်ငံတွင်း အသက်ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးပို့ရာတွင် ကုန်ကျစရိတ်များ ပိုမိုမြင့်မားလာစေကြောင်း ၎င်းက ပြောကြားသည်။

ရန်ပုံငွေနှင့်အခြားအခက်အခဲများကြောင့် WFP သည် ထောက်ပံ့ကူညီမှုများကို မဖြစ်မနေလျှော့ချထားရပြီး ယခုအခါ အမှန်တကယ်အကူအညီလိုအပ်သူ ၁၀ ဦးအနက် တစ်ဦးထံသို့သာ အကူအညီရောက်ရှိနိုင်တော့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဟန်တာဗိုင်းရပ်စ်နှင့် ထိတွေ့ခဲ့သော ခရီးသည်များအား ခြေရာခံဖော်ထုတ်ရေး WHO အရှိန်မြှင့်ဆောင်ရွက်မည်

**ဂျီနီဗာ မေ ၉**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ဟန်တာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသည်ဟု သံသယရှိသော အပျော်စီးသင်္ဘောပေါ်မှ ဆင်းသွားသည့် ခရီးသည်များအား ခြေရာခံဖော်ထုတ်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းရှိ ဗြိတိန်ပိုင် ကျွန်းစုတစ်ခုဖြစ်သော စိန့်ဟယ်လီနာကျွန်းတွင် အနည်းဆုံး နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ခရီးသည် ၃၂ ဦး သင်္ဘောပေါ်မှ ဆင်းသွားခဲ့ကြကြောင်း အဆိုပါ သင်္ဘောကုမ္ပဏီက ပြောကြားသည်။ ယင်းခရီးသည်များအနက် ဗိုင်းရပ်စ်ကြောင့် သေဆုံးသွားသည့် အမျိုးသားတစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

WHO သည် နောက်ထပ်ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်ဟန့်တားနိုင်ရန် ထိတွေ့မှုရှိသူများအား ခြေရာခံဖော်ထုတ်ရေးလုပ်ငန်းများကို အစိုးရများ၊ ကျန်းမာရေးအာဏာပိုင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ထုတ်ပြန်ထားသည်။ စပိန်နှင့် ဗြိတိန်နိုင်ငံတို့မှ ကျန်းမာရေးတာဝန်ရှိသူများက ရောဂါလက္ခဏာများ ခံစားနေရကြောင်း တင်ပြလာသူအချို့အား ဆေးစစ်မှုများပြုလုပ်လျက်ရှိကြောင်း မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အပျော်စီးသင်္ဘောသည် လက်ရှိတွင် ကနေရီကျွန်းစုသို့ ဦးတည်ထွက်ခွာလာနေပြီး မေ ၁၀ ရက်တွင် ရောက်ရှိဖွယ်ရှိကြောင်း သိရသည်။

သင်္ဘောရောက်ရှိချိန်တွင် WHO ၏ ဆေးဘက်ဆိုင်ရာအဖွဲ့သည် သင်္ဘောပေါ် လိုက်ပါလာသူအားလုံးကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး အခြေအနေအရပ်ရပ်ကို အပြည့်အစုံသိရှိနိုင်ရန်အတွက် ထိတွေ့ဆက်ဆံခဲ့မှုများကိုလည်း ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




## ဆူဒန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း သောင်းနှင့်ချီသည့် ပြည်သူများ သေဆုံး

**ခါတွန် မေ ၉**

ဆူဒန်နိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ဆူဒန်လခြမ်းနီအသင်းမှ စေတနာ့ဝန်ထမ်း စုစုပေါင်း ၂၂ ဦး သေဆုံးခဲ့ကြောင်း ခါတွန်ပြည်နယ်ရှိ SRCS အသင်းခွဲ ဒါရိုက်တာ မိုဟာမက် အဗ္ဗဒူလာက ပြောကြားခဲ့သည်။ ၎င်းစေတနာ့ဝန်ထမ်း ၂၂ ဦးမှာ ပဋိပက္ခများစတင်ချိန်မှစ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်များ ထမ်းဆောင်နေကြခြင်းဖြစ်ပြီး အခြားသူများမှာလည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းက ဆိုသည်။

၂၀၂၃ ခုနှစ် ဧပြီလလယ်မှစတင်ကာ ဆူဒန်၌ ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ လူပေါင်း သောင်းနှင့်ချီ သေဆုံးခဲ့ပြီး သန်းနှင့်ချီသော ပြည်သူများမှာ နိုင်ငံအတွင်းနှင့် ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘရာဇီးရှိ စာသင်ကျောင်းတစ်ခုအနီး လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၁၀ ဦး ဒဏ်ရာရ

**ရီယိုဒီဂျနေရိုး မေ ၉**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးပြည်နယ်ရှိ ဘယ်လ်ဖို့ဒ်ရော့ဆိုမြို့မှ ပုဂ္ဂလိကစာသင်ကျောင်းတစ်ကျောင်းအနီးတွင် မေ ၈ ရက်က လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ လက်လုပ်ဗုံးကို ကျောင်းသားတစ်ဦးက စာသင်ကျောင်းဝင်းအတွင်း တွေ့ရှိပြီးနောက် လေထဲသို့ လွှင့်ပစ်ခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘယ်လ်ဖို့ဒ်ရော့ဆို မြို့တော်ဝန် မရီနာမယ်လ်တာက ပြောသည်။

ကျောင်းတာဝန်ရှိသူများ၏ ပြောကြားချက်အရ အခြေအနေအားလုံးကို ထိန်းချုပ်နိုင်ပြီဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ အသက် ၁၃ နှစ်မှ ၁၅ နှစ်အရွယ် ကျောင်းသားများဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ကာ ကုသမှုပေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

ဒေသတွင်း ရုပ်မြင်သံကြားသတင်းများအရ အဆိုပါ လက်လုပ်ဗုံးအတွင်း သံ၊ သံချောင်းနှင့် သံမှိုများ ထည့်သွင်းထားပြီး ပေါက်ကွဲမှုကြောင့် ယင်းပစ္စည်းများ လေထဲသို့ ပျံ့နှံ့သွားခဲ့ကြောင်း ဖော်ပြထားသည်။ ရဲတပ်ဖွဲ့ဝင်များက စာသင်ကျောင်းဝင်းအတွင်း အသေးစိတ်ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး နောက်ထပ်ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ မရှိတော့ကြောင်း အတည်ပြုခဲ့သည်။

**ဆင်ဟွာ**

# ရွှေလျားဆေးကုသယာဉ်များဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးအကြီးစားစက်မှုဇုန်ရှိ အလုပ်ဌာနများသို့ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်



**ရန်ကုန် မေ ၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် အဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရွာသာကြီး အကြီးစားစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးပြီး လိုအပ်သောဆေးဝါးများ ထောက်ပံ့ပေးသည်။

ရွေ့လျားဆေးကုသယာဉ်များနှင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ ထန်းတပင်) ရှိ အထူးကုဆရာဝန်ကြီးများပါဝင်သော Specialist Tour ဖြင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များရှိ အလုပ်ဌာနများနှင့် ညှိနှိုင်းချိတ်ဆက်၍ တစ်လလျှင်တစ်ကြိမ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) နှင့် (မန္တလေး)တို့တွင် နာတာရှည်ကျောက်ကပ်ရောဂါ လူနာများအတွက် ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အလုပ်သမားဆေးရုံကြီးများနှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများအတွက် လိုအပ်သောဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းပေးလျက်ရှိပြီး ရောဂါရှာဖွေစစ်ဆေးသည့် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့၌ ငွေကျပ်သိန်း ၁၂၀ နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့၌ ငွေကျပ်သိန်း ၁၂၀၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမြို့နယ် ဈေးကုန်းကျေးရွာနေ ဦးသက်(ခ)ဝင်းကို (၄၆)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မယဉ်ဝင်းမြိုင်(ခ)မကြီး (၄၂)နှစ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၉၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် ဦးသက် (ခ) ဝင်းကိုနှင့် မယဉ်ဝင်းမြိုင်(ခ)မကြီးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးဝမြို့ အမှတ် (၂) ရပ်ကွက် အောင်မင်္ဂလာလမ်းတွင် ကလေးဝမြို့နယ် အုန်းပင်စုရွာနေ စိုးလင်းမင်း(၂၃)နှစ် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၁၂၀) ဖမ်းဆီးရမိသဖြင့် စိုးလင်းမင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မေ ၇ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရလှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၁၃) ရပ်ကွက် မန္တလေးလမ်းနှင့် စစ်တွေလမ်းထောင့်တွင် လမ်းလျှောက်လာသူ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက်နေ လှိုင်မျိုးကျော် (ခ) ကျော်ကြီး (၃၈)နှစ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀) ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနေထိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀) ထပ်မံသိမ်းဆည်းရမိသဖြင့် လှိုင်မျိုးကျော်(ခ)ကျော်ကြီးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ဦးသက်(ခ)ဝင်းကိုနှင့် မယဉ်ဝင်းမြိုင်(ခ)မကြီးတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။



စိုးလင်းမင်းကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



လှိုင်မျိုးကျော်(ခ)ကျော်ကြီးကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ပြိုင်ဘက် ဩစတြီးယားတင်းနစ်မယ် ပိုတာပိုဗာကို ရှုံးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ထားသည်။

၎င်းသည် အီတလီအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဖိလစ်ပိုင်နာမည်ကျော်တင်းနစ်မယ် အဲလက်ဇန္ဒြား အယ်လာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အယ်လာသည် ၆၄ ဦးအဆင့်တွင် တရုတ်တင်းနစ်မယ် ဝမ်ရှင်းယွီနှင့် တွေ့ဆုံခဲ့ပြီး ၆-၄၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့် တက်လှမ်းလာသူဖြစ်သည်။

ရှိုင်ဘာကီနာနှင့်အတူ အီတလီအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်သို့ ဆွီယာတက်ခ်၊ အိုဆာကာ၊ ရှနိုက်ဒါ၊ ဘင်းဆစ်၊ ပဲဂူလာ၊ ဘက်တစ်စတေး၊ စဗစ်တိုလီနာစသည့် နာမည်ကြီး တင်းနစ်မယ်များ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

**အားကစားမြင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

❏ *ကျောဖုံးမှ*

စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါဖမ်းဆီးရမိဘိန်းဖြူများကို ကလေးမြို့၌ လက်ခံမည့်သူဖြစ်သည့် ညွန့်တင်အား မွန်းလွဲ ၁ နာရီခန့်တွင် ကလေးမြို့အဝင်၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့မှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နိုင်ဝင်း (ခ)ရှပ်ဆိုးကို ညနေ ၆ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်-အောင်လံသွားကားလမ်း တီတွတ်ကျေးရွာအနီး၌ TOYOTA HILUX အမျိုးအစားမော်တော်ယာဉ် တစ်စီးနှင့်အတူလည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်စပ်သတင်းများအရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘဂျမ်းအား ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကတိုးကျေးရွာရှိ နေအိမ်၌ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် ၅၉ လမ်းနှင့် ၁၃၉ လမ်းထောင့်၌ ရပ်တန့်ထားသည့် NISSAN CONDOR ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄ သန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဘီလီယံခန့်)ကို ထပ်မံသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ခန့်မှန်းငွေကျပ် ၉ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ သန်းတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့်လည်း ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဘဂျမ်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရန်ခိုင်းစေသူ နိုင်ဝင်း(ခ)ရှပ်ဆိုးကို စိတ်ကြွရူးသွပ်ဆေးပြား ၄ သန်းနှင့်အတူ ဖမ်းဆီးရမိစဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## သာစည်မြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**သာစည် မေ ၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ငှက်ဖျင်းကုန်းကျေးရွာတွင် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် မေ ၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များက ကျေးရွာအုပ်စုလုပ်ငန်းအဖွဲ့၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး ဂရန်ရှိခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်သူများကလည်း လိုအပ်သည်များကိုပူးပေါင်းဆောင်ရွက်ပေးကြရန်ပြောကြားပြီး ကျေးရွာမြေငှားဂရန်လျှောက်ထားသည့်မြေနေရာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရွှေဘိုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

**ရွှေဘို မေ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးက မေ ၈ ရက်တွင် အမှတ်(၃)ရပ်ကွက် ဓမ္မသုခကျောင်းတိုက် ဓမ္မာရုံ၌ အသက်(၁၀)နှစ်၊ (၁၈)နှစ်ပြည့်ပြီး နိုင်ငံသား စိစစ်ရေးကတ်မရှိသေးသည့် ပြည်သူများအား မြို့နယ်ဦးစီးမှူး ဦးဇော်မင်းမြင့်ဦးဆောင်သည့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့ပေါ်ကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်သွားမည့်အပြင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ မြို့နယ်ဦးစီးမှူးရုံးသို့ ဖိတ်ခေါ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ယနေ့အထိ နိုင် ၃(က) ၁၅၇ ဦး၊ နိုင် ၆ (က) ၂၀၂ ဦး စုစုပေါင်း ၃၅၉ ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သနပ်ပင်၌ EM ဘိုကာရှီမြေဆွေးပုံပြုလုပ်နည်းသရုပ်ပြ သဘာဝသစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်ပွဲကျင်းပ

**သနပ်ပင် မေ ၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ EM ဘိုကာရှီမြေဆွေးပုံပြုလုပ်သုံးစွဲနည်းနှင့် သဘာဝသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကြဲပက်ပွဲကို ယနေ့နံနက်က သနပ်ပင်မြို့နယ် ဈေးပိုင်းရပ်ကွက် ကွင်းအမှတ် ၈၆၀၊ တောင်သူဦးမြစံ၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲကို ခရိုင်နှင့်မြို့နယ် စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ဝင်များက ပါဝင်ရမည့်ပစ္စည်းများနှင့် အဆင့်ဆင့်ပြုလုပ်ပုံကို လက်တွေ့ပြသကာ သဘာဝသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့များ ကြဲပက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရက်(၁၀၀)စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်လှစ်



**မြောင်းမြ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်အဖြစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းကို မေ ၄ ရက်မှ ၁၇ ရက်အထိ သင်တန်းသူ ၁၀ ဦးဖြင့် ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်နေမှုကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိမရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## သန်လျင်၌ ရက်(၁၀၀)စီမံချက် ဒေသဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ရန်ကုန် မေ ၉**

သန်လျင်ခရိုင်ရှိ မြို့နယ်လေးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၊ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို မေ ၇ ရက်တွင် သန်လျင်မြို့ရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းခြောက်ရွာအတွက် ကျပ်သိန်း ၉၀၀ တို့ကို သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များထံ သန်လျင်ခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးတို့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်း တူးမြောင်းနှင့် လယ်ကြားမြောင်းများတူးဖော်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

ပေါင်းလောင်းရေလှောင်တမံသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ပေါင်းလောင်းရေလွှဲဆည်၏ လက်ဝဲ၊ လက်ယာတူးမြောင်းမကြီးများမှတစ်ဆင့် မတ် ၁ ရက်မှ စတင်ပြီး စိုက်ပျိုးရေအလေအလွင့်နည်းပါးစွာ ဌာနနှင့်တောင်သူများ ပူးပေါင်းကာ စနစ်တကျစီမံ၍ စိုက်ပျိုးရေပေးဝေလျက်ရှိရာ နွေစပါး ၇၇၈၉ ဧကနှင့် နွေသီးနှံ ၂၇၃ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပေါင်းလောင်းရေလှောင်တမံ၏ မေ ၉ ရက် သိုလှောင်ရေပမာဏမှာ ဧက ပေ ၅၂၂၉၉၀ ဖြစ်ပြီး နွေစပါးနှင့် နွေသီးနှံစိုက်ဧကများအတွက် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်း သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းစေရန်အတွက် လယ်ကြားမြောင်းများတူးဖော်ခြင်းနှင့် ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဌာနမှဝန်ထမ်းများနှင့် ရေအသုံးချတောင်သူအဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **TML**

## တံတားဦးခရိုင်အတွင်း၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်

**တံတားဦး မေ ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်/မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့နယ် ဘလဲ့ဘကျေးရွာအုပ်စု ဓမ္မပါလအေးမြစေတီဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားများ ပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်၌ အိမ်ထောင်စုဇယားနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး

**စဉ့်ကိုင် မေ ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မေ ၉ ရက်က ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုဇယားနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပေါင်းတည်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ပေါင်းတည် မေ ၉**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ဟသ်ာကန်ရပ်ကွက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဇော်နှင့် လဝကဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများအား ဇီးတောဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ အခြေပြုဆောင်ရွက်ပေးခဲ့သည်။ **ရွှေသား(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ကျိုက်ထို မေ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက ဖက္ကလိပ်ကျေးရွာ ဖက္ကလိပ်ပရိယတ္တိစာသင်တိုက်ဝင်းရှိ ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ရာ ရပ်ကွက်နေပြည်သူများအား အချက်အလက်များ ကောက်ယူ၍ UID နံပါတ်များအား ရပ်ကွက်နေပြည်သူ ၁၈၀ ကျော်ကို နေ့ချင်းပြီးထုတ်ပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားခကောက်ခံရငွေ အပြည့်အဝရရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးဆောင်ရွက်

**မော်လမြိုင် မေ ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားခကောက်ခံရငွေ အပြည့်အဝရရှိစေရေးနှင့်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် မေ ၈ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်မျိုးထက်ဇော်ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ မရမ်းကုန်းရပ်ကွက်အတွင်းရှိ နေအိမ်များအား မီတာများ ရှောင်တခင်စစ်ဆေးခြင်း၊ မီတာများတွင် မမှန်မကန်ပြုပြင်ထားခြင်း၊ မီတာခိုးယူခြင်း၊ ဓာတ်အားသုံးစွဲသူများအနေဖြင့် သတ်မှတ်ရက်အတွင်း လျှပ်စစ်မီတာခများကို အပြည့်အဝ ပေးဆောင်ရန် အသိပေးခြင်း၊ မီတာပျက်စီးမှုများနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် တိုင်နှင့် ဝိုင်ယာကြိုးများ စစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။



**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

### ရေချွေတာရေး နည်းလမ်းများ

- ❊ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ၂၀၁၆ ခုနှစ် မေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလ ဖာဒိုင် အောက် ဆိုဒ်</th><th>နိုက်ထ ရိုဂျင် ဒိုင်အောက် ဆိုဒ်</th><th>အို ဇုန်း</th><th>ကာဗွန် မိုနောက် ဆိုဒ်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မိုးနဲမြို့နယ်၌ မွေးမြူရေးဆိုင်ရာ အသိပညာပေးဖြန့်ဝေ



**မိုးနဲ မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်လင်းက ရက်(၁၀၀) စီမံချက်ဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နောင်မြိုင်းကျေးရွာအုပ်စု ကင်တုန်ကျေးရွာရှိ တစ်နိုင်တစ်ပိုင် ကျွဲမွေးမြူရေးတောင်သူများအား တိရစ္ဆာန်ကူးစက်ရောဂါများအကြောင်း အသိပညာပေးခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ကျေးရွာအတွင်းရှိ တစ်နိုင်တစ်ပိုင်မွေးမြူထားသော ဒေသကျွဲများကို လည်ချောင်းကွဲရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကျန်ရှိသော မွေးမြူရေး တောင်သူများ ထံသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ပုသိမ်ကြီးမြို့၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေး

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ဝန်ထမ်းများက ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းကျေးရွာများအား မြို့နယ်အဆင့် သုံးသပ်ဆွေးနွေး

**ဓနုဖြူ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့တို့က သုံးသပ်ဆွေးနွေးရမည့် အချက်များအပေါ် အားနည်းချက်များနှင့် အားသာချက်များ၊



အကြံပြုချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



ကော့သောင်းမြို့နယ် ခုနစ်မိုင်ကျေးရွာ ဗုဒ္ဓါနုဿတိ စာသင်တိုက်ဓမ္မာရုံ၌ မေ ၈ ရက်က ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြေငှားဂရန်ထုတ်ပေးရေးအတွက် မြေပိုင်ဆိုင်မှုစာရင်းကောက်ယူနေမှုနှင့် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

## ထားဝယ်မြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

**ထားဝယ် မေ ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်



နှုန်းရရှိရေး ဆောင်ရွက်ရမည့် နည်းပညာပေးသင်တန်းနှင့် Seeder စိုက်ပျိုးပညာပေးသင်တန်းကို မေ ၆ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက မိုးစပါးစိုက်ပျိုးသော တောင်သူများအား မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲ၍ ရေသွင်း/ရေခန်းစနစ်ကျင့်သုံးရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ အချိန်ကိုက်အချိုးကျထည့်သွင်းနိုင်ရေးနှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းလမ်းများနှင့် Seeder စိုက်ပျိုးနည်းစနစ်များ သင်ကြားပို့ချပေးသည်။ သင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကော့မှူးမြို့နယ်၌ ဘောလုံးသင်တန်းဖွင့်ပွဲ ကျင်းပ



**ကော့မှူး မေ ၉**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက Pilot Project အစီအစဉ်ဖြင့် Football for School Program အရ ဖွင့်လှစ်သည့် ဘောလုံးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အောင်ဇမ္ဗူအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါဘောလုံးသင်တန်းကို မြို့နယ်အတွင်းရှိ ဘောလုံးအားကစားဝါသနာရှင် လူငယ် ၅၀ တက်ရောက်ပြီး သင်တန်းကို ၁၄ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**



## ရက်(၁၀၀)အတွင်း ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များအား ပျိုးထောင်ထားရှိ

**မော်လမြိုင် မေ ၉**

မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန၏ မြို့မပျိုးဥယျာဉ် (၁)နှင့် (၂)၌ ပျိုးထောင်ထားရှိသော ရက်(၁၀၀)အတွင်း ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များအား မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး မိလဝီဟန်သည် ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

ပျိုးခင်းအတွင်း ပျိုးထောင်ထားသည့် ပျိုးပင်အရေအတွက်၊ ဖြန့်ဝေစိုက်ပျိုးမှု၊ စိုက်ပျိုးထားသည့် သစ်မျိုးများနှင့် ၎င်းတို့၏ အရေးပါပုံများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ညောင်တုန်း မေ ၉**

ညောင်တုန်းမြို့နယ်တွင် မေ ၇ ရက်က နတ်ပေးကျေးရွာအုပ်စု၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စုအတွင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို လိုအပ်သည့်အချက်အလက်၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ပြည်သူများထံသို့ UID ကတ်များ ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**





ချင်းပြည်နယ် တီးတိန်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တီးတိန်ခရိုင်ဦးစီးမှူး ဦးဆောင်ပြီး မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ မေ ၈ ရက်က မြို့မရပ်ကွက်နေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းနှင့် UID ကတ်များ ဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ကလောမြို့နယ်၌ မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာအကြောင်း ရှင်းလင်းပွဲကျင်းပ



**ကလော မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ မေ ၇ ရက်က မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာအကြောင်း ရှင်းလင်းပွဲ ကျင်းပသည်။

ဦးစွာ တောင်ကြီးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေ ရှင်းလင်းပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ မြေဩဇာဥပဒေဆိုင်ရာများ၊ မျိုးစေ့ဥပဒေဆိုင်ရာများ၊ ပိုးသတ်ဆေး ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြီး တာဝန်ရှိသူများက မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး ရောင်းချသည့် ဆိုင်ခန်းများအား သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ လိုက်နာရောင်းချခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## တောင်ကြီးမြို့နယ်၌ ပျားမွေးမြူရေးပညာပေး သင်တန်းဖွင့်

**တောင်ကြီး မေ ၉**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တောင်ကြီးမြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးအနေဖြင့် ရက်(၁၀၀)စီမံချက်အတွင်း ပြည်သူတိုးချဲ့ပညာပေးသင်တန်းကို ယမန်နေ့က တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု၌ ဖွင့်လှစ်ရာ တောင်ကြီးမြို့နယ်တာဝန်ခံ ဦးသင်းဦးဝင်းက ပျားအုံတစ်အုံ၏ ဖွဲ့စည်းပုံ၊ ပျားရောဂါ၊ ပျားမွေးမြူခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူး၊ ဆီထွက်သီးနှံများဖြစ်သော (နေကြာနှမ်း)တို့ကို ပျားဖြင့် ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံများ အထွက်တိုးစေခြင်းတို့ကို အသိပညာပေးရှင်းလင်းသည်။

ထို့နောက် သင်တန်းသား ၂၀ အား ပျားအုံဖြင့် လက်တွေ့သရုပ်ပြခြင်းကို ဆောင်ရွက်ပြီး သင်တန်းကို မေ ၈ ရက်မှ ၁၂ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**



ထန်းတပင်မြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် ထန်းတပင်–ဇရပ်ကြီးသွားသည့် လမ်း၌ အမှိုက်ကောက်ခြင်းကို မေ ၉ ရက်က ဌာနဆိုင်ရာ ဝန်ထမ်းများပူးပေါင်း၍ စုပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ရေဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ရေဦး မေ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ဦးစီးမှူးရုံးက မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု နှစ်အုပ်စုရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်လက်ဝယ်ကိုင်ဆောင်နိုင်ရေး ရက်(၁၀၀) လမင်းစီမံချက်ဖြင့် ဗိုလ်အောင်ဇေယျရပ်ကွက် အထက(၂)ဘိုးရာဇာခန်းမ၌ အသက် ၁၀ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း အသစ်ပြုလုပ်ပေးခြင်းနှင့် ပျောက်ဆုံး၊ ပျက်စီးခြင်းများကိုလည်း အထောက်အထားများရယူစိစစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းသန်း(ရေဦး)**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူးတို့က အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို မေ ၈ ရက်က ကမာစဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)






မိုင်းဖြတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်)၌ မေ ၉ ရက်က ဌာနဆိုင်ရာ ဝန်ထမ်းများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်၊ ပြည်နယ်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ)၊ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး မှ ၂၀၂၆–၂၀၂၇ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ရှမ်းပြည်နယ်(တောင်ကြီး)၊ ကုသရေးဦးစီးဌာန | လုပ်ငန်းသစ်(၄)ခု |
| (ခ) | ရှမ်းပြည်နယ်(လားရှိုး)၊ ကုသရေးဦးစီးဌာန | လုပ်ငန်းဟောင်း(၁)ခု လုပ်ငန်းသစ် (၂) ခု |
| (ဂ) | ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ကုသရေးဦးစီးဌာန | လုပ်ငန်းဟောင်း (၁)ခု၊ လုပ်ငန်းသစ် (၄) ခု |
| (ဃ) | ရှမ်းပြည်နယ်(တောင်ကြီး)၊ စဝ်စံထွန်းဆေးရုံကြီး | လုပ်ငန်းသစ် (၃) ခု |
| (င) | အမျိုးသမီးနှင့်ကလေးဆေးရုံကြီး | လုပ်ငန်းသစ် (၁)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို သက်ဆိုင်ရာဌာနနှင့် ဆေးရုံကြီးများတွင်(၁၁–၅–၂၀၂၆) ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး (၂၅–၅–၂၀၂၆) ရက် ညနေ (၄) နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန (တောင်ကြီး၊ လားရှိုး၊ကျိုင်းတုံ)(ဖုန်း–၀၈၁– ၂၁၂၁၆၊ ၀၈၂–၂၂၀၄၁၂၁၊ ၀၈၄–၂၁၀၇၀၊ စဝ်စံထွန်းဆေးရုံကြီး ဖုန်း(၀၈၁–၂၁၂၁၁၀၄၊ ၀၉–၂၅၄၀၂၅၈၆၈)၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး ဖုန်း(၀၉–၂၅၇၆၅၉၉၉၁)သို့ ရုံးချိန် အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ) ဖက်ကွန်၊ Grade–10 အောင်မှ မသော်တာဝင်း (၁၃/တကန(နိုင်)၄၂၄၁၆၄)၏ မိဘအမည်မှန်မှာ ဦးခွန်မောင်သွင်–ဒေါ်ချူး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က (၁) အေးသာယာ Grade–8 အောင်မှ မအေးမြတ်နှင်း ၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းဖြိုး (၁၃/မယတ(နိုင်)၀၄၂၀၅၂) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း၊ အမှတ်(၁၁၈)၊ ဦးတင်ဟန် အမည်ပေါက်သည့် ဂရန်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀) အနက်မှ မြေကွက်အမှတ်–၁၁၇နှင့်ကပ်လျက်ဘက် (ဂရန်မူရင်းခြမ်း)၊မြေအကျယ်ပေ(၂၃ x ၆၀)ရှိ ရေ/မီးပါရှိသော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းဆွေ(၈/ပခက(နိုင်)၁၈၅၆၂၃)မှ အရပ်ကတိစာချုပ်အဆင့်ဆင့် တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ ဂရန်မူရင်းနှင့် ဆက်စပ်စာချုပ်အဆင့်ဆင့်တို့သည် စစ်မှန်သည်ကို တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်နှင်းဝင့်စိုး (၁၂/မရက(နိုင်)၁၃၆၂၁၄)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝင့်စိုး၏ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P.LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉ ၅၄၀၇၂၂၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာအုပ်စု ၊ ကြို့ကုန်းရွာနေ ဦးထွန်းညွန့် နှင့် ဒေါ်ကြည်စိန် တို့၏ သမီးဖြစ်သူ မသဇင် ၉/လဝန (နိုင်)၂၃၄၃၆၄ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိမိ၏သဘောဆန္ဒအလျောက် ပြုမူနေထိုင်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဖခင် ဦးထွန်းညွန့် + မိခင် ဒေါ်ကြည်စိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/4053, Nissan ADVY11, Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လွင် ၇/ရတန(နိုင်) ၀၃၀၃၆၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/32046, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်ပိုင် ၁၄/မအပ(နိုင်)၃၃၅၇၁၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) (မအူပင်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆–၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | – | (၄–၅–၂၀၂၆) ရက် (တနင်္လာနေ့)မှ (၁၇–၅–၂၀၂၆) ရက် (တနင်္ဂနွေနေ့)အထိ (စနေ၊တနင်္ဂနွေအပါအဝင်) |
| (ခ) | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** | – | (၁၈–၅–၂၀၂၆) ရက်(တနင်္လာနေ့) ညနေ (၁၆:၀၀) နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | – | ထပ်မံကြေညာပါမည်။ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | | မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၊ ၆၈x၁၄၄လမ်းထောင့်၊ နတ်ရေကန်အုပ်စု၊ အမရပူရမြို့။ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ၆၈x၁၄၄ လမ်းထောင့်၊ နတ်ရေကန်အုပ်စု၊ အမရပူရမြို့၊ ဖုန်း –၀၉–၄၀၂၆၁၇၀၃၀၊ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး**

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/3949 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ပြည်သူ့လမ်းခြား၊ အကွက်အမှတ်နှင့် အမည် ၆၉/ မောင်ငံ ၊ ဦးပိုင်အမှတ် ၁၆/ခ ၊ ဧရိယာ(၀.၀၈၄)ဧကရှိမြေကွက်ကို မော်လမြိုင်မြို့ နယ်မြေစာရင်းဦးစီးဌာန(၁–က) စာရင်းတွင် ဦးခင်စိုးအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးခင်စိုးသည် မော်လမြိုင်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၅၈၂/၂၀၂၄ အရ ဦးလှိုင်ဝင်းဌေးအား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးလှိုင်ဝင်းဌေးသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးလှိုင်ဝင်းဌေးမှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရဲစုတောင် ရပ်ကွက်၊ ယခင်သဲကုန်းလမ်း၊ ယခုလမ်းသွယ်(၅)လမ်း၊ အမှတ်(မရှိ)ဟုခေါ်တွင်သော မျက်နှာစာအလျား(၁၆)ပေ၊ ရှေ့နောက်အနံပေ(၅၀)အကျယ်ပမာဏရှိသောမြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်အုပ်ခံအိမ်နှင့် အသီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးရဲနိုင်စိုး (၉/တသန(နိုင်)၁၃၀၆၇၁)နှင့် ဒေါ်တင်မာရီ (၉/တသန(နိုင်)၁၃၀၇၃၃) တို့ထံမှ ကျွန်ုပ်တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးအောင်ကျော်လင်း** | **ဒေါ်လှမိုးသွယ်** |
| **၈/သရန(နိုင်) ၀၈၃၄၇၅** | **၈/သရန(နိုင်)၀၉၃၇၇၂** |

**ထောက်ကြန့်မီးသတ်ဝင်း၊ ရွာမရပ်ကွက်၊**
**ထောက်ကြန့်မြို့ ၊ မင်္ဂလာဒုံမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းမောင် (ဘ) ဦးအောင်သန်း ၏ သားဖြစ်သူ မှတ်ပုံတင်အမှတ် (၁၃/မရတ(နိုင်)၀၀၅၈၆၆)၏ဇနီးဖြစ်သူ ဒေါ်တင်တင်ဆွေ(ခ)မတင်ညွန့်သည်လွန်ခဲ့သော (၅–၅–၂၀၀၂)ရက်တွင် ၉၆–ပါးသောရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ၎င်းအမည်ဖြင့် ကျန်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ ရွှေကိန္နရီအိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၀၁)ဟုခေါ်တွင်သော တိုက်ခန်းအား တရားဝင်ခင်ပွန်းဖြစ်သူဦးကျော်ဝင်းမောင်မှ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်သဖြင့် အဆိုပါတိုက်ခန်းအား ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများရှိပါက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးကျော်ဝင်းမောင်** | **ဒေါ်ခင်သန္တာထွန်း(LL.B)** |
| **(၁၃/မရတ(နိုင်)၀၀၅၈၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၀၇)** |
| | **(၁၆–၅–၂၀၁၇)** |
| | **အမှတ်(၁၂၀)ပြည်တော်အေးလမ်း၊** |
| | **လေးထောင့်ကန်ရပ်ကွက်၊** |
| | **သဃ်န်းကျွန်းမြို့နယ်။ ဖုန်း–၀၉ –၄၂၀၁၁၁၄၄၂** |

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄)**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် – ၆၆**

| | | |
|---|---|---|
| ၁။ ဦးဝင်းအောင် | နှင့် | ၁။ မသင်းကြူကြူ |
| ၂။ ဒေါ်ခင်ဝင်းရွှေ | | ၂။ မခင်မွန်မွန်လွင်၊ ၃။ ဦးလှိုင်ဝင်း |
| | | ၄။ ဒေါ်ဝင်းရီ၊ ၅။ ဦးလှိုင်သင်း |
| | | ၆။ ဦးစိုးနိုင် (ခ) ဦးကျော်ခဲ |
| | | ၇။ ဦးလှဝင်း၊ ၈။ ဦးတင်မြင့် |
| | | ၉။ ဦးလှမြင့်၊ ၁၀။ ဦးစိုးမြင့် |
| | | ၁၁။ ဒေါ်အေးသိန်း၊ ၁၂။ ဦးထွန်းထွန်းနိုင် |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲပါ ကျုံပျော်ခရိုင်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၈ ၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်အမှတ်(၁၂) ဦးထွန်းထွန်းနိုင်၊ ကုန်းဘောကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ကျုံပျော်ခရိုင်တရားရုံးတော်ကချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီကို ဦးဝင်းအောင်ပါ–၂ က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်(နယုန်လဆန်း ၁၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်–၄၁၊ နည်းဥပဒေ–၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ–၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## အမည်မှန်

တောင်ကြီးမြို့နယ်၊ လ(ခွဲ) မ(၃) အေးသာယာမှ အထွေထွေတာဝန် ထမ်းဆောင်နေသော ဒေါ်စန်းစန်း(ခ) ဒေါ်စမ်းစမ်းထွေး (၁၃/တကန(နိုင်)၄၁၈၂၆၈) ၏ အမည်မှန်မှာ ဒေါ်စန်းစန်းထွေး ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျောက်တလုံးကြီးမြို့၊ ဝါးလရွာနေ (ဘ)မောင်ခေါင် ၏သမီး နန်းအုံးချဉ် (၁၃/ကတလ(နိုင်)၀၁၁၆၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF463375)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၂၅၀၄၄၁၂၅၈**

## ပတ်စပို့ပျောက်

ဟိုပုံးမြို့၊ အနောက်ရပ်နေ (ဘ)ဦးစိုင်းထွန်းအေး ၏သား စိုင်းလော်ဝ်ဆိုင် (၁၃/ဟပန(နိုင်)၁၀၉၉၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI–779934) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၅၁၂၉၃၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ မြေကွက်အမှတ် (၆၈၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်နော်ဖေါထူး (A/ RGN-၀၀၇၄၁၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဇော်မင်းနိုင် (၁၂/တမန (နိုင်) ၀၉၄၀၃၂) နှင့် ဒေါ်မြတ်ခိုင်သင်း (၁၄/မမန (နိုင်) ၀၀၀၉၇၂)တို့ထံမှ ကျွန်မ ဒေါ်လှလှနွယ် (၁၁/ကဖန (နိုင်) ၀၆၈၉၁၅)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှနွယ် (၁၁/ကဖန (နိုင်) ၀၆၈၉၁၅)**
**၀၉– ၄၄၈ ၀၆၄ ၁၃၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/71342 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– (၆၁–ရိုးရိုး)၊ မြေကွက်အမှတ် –(၂၉၉၂+၂၉၉၃) ၊ ဧရိယာ(၀.၁၂၁)ဧက၊ အကျယ်အဝန်းရှိနှစ် (၆၀) ဂရန်မြေအမျိုးအစား၊ မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထွေးထွေးမြင့်(၁၂/မဂတ(နိုင်) ၀၈၃၁၂၁)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်းခိုင်(၁၃/လရန(နိုင်)၁၃၁၁၆၀) က ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အမွေစား၊ အမွေခံ၊ မိသားစု၊ အရှုပ်အရှင်းမှစ၍ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းလှူဒါန်းထားခြင်းများအပါအဝင် မည်သည့်အရှုပ်အရှင်းမျှမရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ အမှုသည်က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းသို့ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား၊ အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားအစရှိသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ပြီး ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါက်တာဇာခြည်အောင်** | **ဒေါ်ကြာဖြူဝတ်ရည်** |
| **LL.B, LL.M, MRes, PhD** | **LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၀၈၉)** |
| **ဖုန်း–၀၉–၉၇၇၁၁၁၂၉၅** | **ဖုန်း–၀၉–၉၇၇၁၁၁၂၉၂** |

**တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်(၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/9325, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မိုး ၁၄/မအန(နိုင်)၁၁၀၉၀၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/58489, Honda Click 160 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၄/ဟသတ(နိုင်)၂၅၆၈၉၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ် (၁၃၆၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မဠူ (၁၂/ဥကမ (နိုင်) ၀၈၇၄၈၈) နှင့် ဒေါ်အိချမ်းမြငြိမ်း (၁၂/ဒဂမ (နိုင်) ၀၅၃၉၂၈)တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဇနီးဖြစ်သူ ဒေါ်မဠူ ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ ဦးသိန်းဌေး (၁၂/အလန (နိုင်) ၀၃၁၈၄၂)နှင့် အမည်ပေါက်ပိုင်ရှင် ဒေါ်အိချမ်းမြငြိမ်း တို့ထံမှ ကျွန်တော် ဦးညီညီလင်း (၁၂/ကတန (နိုင်) ၀၉၀၈၆၁) က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီလင်း (၁၂/ကတန (နိုင်) ၀၉၀၈၆၁)**
**၀၉– ၄၄၄ ၄၁၃ ၀၄၄**

## ဖခင်အမည်မှန်

ရေဖြူမြို့၊ (ခ)ရပ်ကွက်၊ အထက ရေဖြူ Grade-4 ကျောင်းသူ မအိမေယွန်းဆက်၏ ဖခင်အမည်မှန်မှာ ဦးကောင်းမြတ်ထွန်း ၆/ရဖန(နိုင်)၀၆၉၃၀၃ ဖြစ်ပါကြောင်း။

**ဦးကောင်းမြတ်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RKE/4282, Yamaha Fino -125 M/C အား၊ စစ်တွေမြို့၊ ဓညဝတီ (က)နေ ဦးလှမောင်သိန်း ၁၁/စတန(နိုင်)၁၁၅၂၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ပြည်ထဲရေးဝန်ကြီးဌာန
## ၂၀၂၆-၂၀၂၇ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ ဦးစီးဌာနများအတွက် လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါအဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့် ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၀-၅-၂၀၂၆ ရက်မှစတင်၍ သက်ဆိုင်ရာတပ်ဖွဲ့/ ဦးစီးဌာန (ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် ပြည်ထောင်စုဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက် ဈေးနှုန်းအဆိုပြုလွှာများကို ရုံးအမှတ်(၃၈)၊ နေပြည်တော် တွင် ၁၈-၅-၂၀၂၆ ရက် နံနက်(၀၉၀၀)နာရီမှ ညနေ ၄ နာရီ (၁၆၀၀) အချိန်အထိ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၆၂၁ |
| ( ခ ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| ( ဂ ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း ၀၆၇-၃၄၁၂၈၂၂၊ ၀၆၇-၃၄၁၂၇၇၂ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း ၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| ( င ) | အကျဉ်းဦးစီးဌာန | ဖုန်း ၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| ( စ ) | မီးသတ်ဦးစီးဌာန | ဖုန်း ၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (သကမ- ၁၄)၊ မြေကွက်အမှတ်(၁၀၈/ခ)၊ အကျယ်အဝန်းပေ(၂၀ x ၆၀ ) ရှိ (အရပ်အခေါ်အမှတ် (၁၀၈/ ခ)၊ သရဖီလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်) ဟု ခေါ်တွင်သော ဦးထွန်းထွန်းအေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောင် အပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားအရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်မြင့် (၁၄/အဂပ (နိုင်) ၀၀၃၅၃၇) ထံမှ ကျွန်မ ဒေါ်စန်းစန်းအေး (၁၂/လမန(နိုင်)၀၅၅၁၅၉) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထက်ပါမြေနှင့် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်း မူရင်း၊ ပါမစ်/ဂရန် မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး ၁၂ /လမန(နိုင်)၀၅၅၁၅၉**
**အမှတ် (၈၃၃)၊ ကျောင်းကုန်း(၃)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၄၆၃)၊ (ပေ၄၀X ပေ ၆၀) အကျယ်အဝန်းရှိ ဒေါ်ဝင်းမာ (၁၄/မအန(နိုင်)၀၁၄၈၉၄) နှင့် ဒေါ်ခက်ခက်ငြိမ်း(၁၃/တကန(နိုင်)၂၉၃၁၀၆)တို့နှစ်ဦး ပူးတွဲပိုင်ဆိုင်ထားသည့် နှစ် (၆၀) ဂရန်မြေကွက်အနက် တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၄၆၂)နှင့် ကပ်လျက်ဘက်အခြမ်း(ပေ ၂၀X ပေ ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝင်းမာက မိမိပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)ကျောက်မြောင်းဈေးလမ်း၊ဖျိုင်း(ရွာမ)ရပ်ကွက်၊တာမွေမြို့ နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈၊**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/1818, HYUNDAI TUCSON, Station Wagon (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ဌေးနောင် ၃/ဘအန (နိုင်)၂၇၂၈၇၁ က မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး/ပျက်စီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ မာဃလုလင်လမ်း၊ အမှတ်(၇၅၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၄)၊ မြေကွက်အမှတ်(၁/ခ^B)၏ အစိတ်အပိုင်းရှိ ဧရိယာ(၅၆ ၁/၂ ပေx ၁၂၀/၁၁၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အေးအေးမြင့် (၁၂/အစန(နိုင်)၀၆၂၀၀၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၀)**
**အမှတ်(၇၃၄)၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၇၀၁၇၀၀၆။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/91101, Honda Dream C100P, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးကျော် ၁၀/သဖရ(နိုင်)၁၁၆၄၂၇ သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/88071 ယာဉ်လက်ဝယ်ရှိသူ ဦးထင်ရမိုး ၃/ဘအန(နိုင်)၃၈၂၃၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/6384, SUPER MON LIGHT TRUCK USW-06, Pick Up (4x2) (R) ယာဉ် လက်ဝယ်ရှိသူ ဦးဇေယျ ၇/ပမန(နိုင်)၀၉၃၃၁၁ က မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး/ပျက်စီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံ)**

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စက်နှင့်စက်ပစ္စည်းများ ဝယ်ယူရန်အတွက်
## Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်း ကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၀-၅-၂၀၂၆ ရက်မှ စတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ဦးစီးဌာန (ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၁၂-၅-၂၀၂၆ ရက်မှစတင်၍ သတ်မှတ် နေ့ရက်များတွင် ၀၈၃၀ နာရီမှ ၁၀၀၀ နာရီအထိ ရုံးအမှတ်(၃၈)၌ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇- ၃၄၁၂၇၈၈ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၄ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၁၂၇၉၃၊ ၀၆၇-၃၄၁၂၇၉၄ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀ |
| (င) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (စ) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၈၆၆၄၇၅၄၊ ၀၁-၈၆၆၁၅၄၄ |

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အမည်မှန်

လှည်းကူးမြို့နယ်၊ အထက (ခွဲ) အင်းတိုင်ကျောင်းမှ မောင်စိုးမြတ်ဟိန်း G-5 ၏ အမည်မှန်မှာ မောင်ဖြိုးစည်သူစိုး ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ(ဘ)ဦးမြင့်လွင်၏သား မောင်ညီမင်းဦး ၉/လဝန(နိုင်)၂၀၁၅၃၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၂၅၉၈၃၀၂၆၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃/ရွှေပေါက်ကံ၊ ပြည်လမ်း၊ မြေကွက်အမှတ် ၆၄၅၊ ဒေါ်ချို အမည်ပေါက် ပါမစ်မြေအမျိုးအစား အလျား ပေ၄၀Xအနံပေ ၆၀ရှိသည့်အနက်မှ မြေကွက်မျက်နှာမူလျှင် လက်ဝဲဘက်အခြမ်း၏ အလျား ပေ၂၀Xအနံပေ၆၀ ၊ အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးလွင်(ဘ)ဦးကြည်ငွေ (၆/ရဖန(နိုင်)၀၀၁၃၈၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက(၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B, DBL,DIL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း ၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စစ်ပင်တောင်ကျေးရွာ၊ ကျုံပိုင်ကွင်း၊ ကွင်းအမှတ်(၄၇၈)၊ အကျယ်အဝန်း(၈.၉၄)ဧကရှိဦးသန်းနိုင်အမည်ပေါက် ရွာမြေအမျိုးအစားမြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော မြေကွက်၏တည်နေရာပြမြေပုံအညွှန်းပါ အောင်မင်္ဂလာ(၄)လမ်း၊ မြေကွက်အမှတ် (E-4)(E-5)(E-6)ဟု ယာယီသတ်မှတ်ထားသည့် တစ်ကွက်လျှင် ပေ(၄၀x၆၀)အကျယ်ရှိ စုစုပေါင်းအကျယ်အဝန်း ပေ(၁၂၀x၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ဝယ်ထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟုအဆိုပြုသူ ဦးသန့်ဇင်ဦး(၁၂/လကန(နိုင်)၁၀၆၉၇၁)မှ ၎င်းလက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်အိသန္တာသက်(၈/ပခက(နိုင်)၁၆၃၆၁၈)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အိသန္တာသက် ၈/ပခက(နိုင်)၁၆၃၆၁၈**
**ဖုန်း-၀၉-၇၉၇၉၇၉၅၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/18117, Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၃၀၆၆၃၂သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/9190, RENAVULT DUSTER, STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဘဒ္ဒန္တကောဝိဒ ၁၀/ကမရ(သ)၀၀၀၈၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**
**ကော့ကရိတ်မြို့**

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများမှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် လိုအပ်သော (၈၀/၁၀၀)အမျိုးအစား ကတ္တရာ (၃၇၇.၄၄၄)တန် အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန်** - ( ၁၂-၅-၂၀၂၆ )မှ ( ၂၅-၅-၂၀၂၆ ) ရက်အထိ( ရုံးချိန်အတွင်း )

**တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန်** - (၂၆-၅-၂၀၂၆)ရက်၊ (၁၆:၃၀) နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။

**တင်ဒါဖွင့်လှစ်မည့်နေ့ရက်** - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း(၀၉-၄၀၃၇၁၂၅၀၇ )သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန**

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

